mgyoe.com
SAMPLE BOOK



၁၉၉၈ - ခုနှစ်၊ မြတ်မိခင် စာပေဆု(ပထမဆု)ရ လုံးချင်းဝတ္ထု

# ခြင်းလုံးလေးရဲ့ မိုးကောင်းကင်

ဝင်းဝင်းမြင့် (နန်းတော်ရှေ့)

mgyoe.com

ဒုတိယအကြိမ်

mgyoe.com SAMPLE BOOK

လူမှန်ရင် ချစ်ခြင်း၊ မုန်းခြင်း
ခံစားပိုင်ခွင့် ရှိသလို...
လူတိုင်း တည်ဆောက်ခွင့် ရှိတဲ့
မိသားစုဘဝမျိုးထဲမှာလည်း
ပျော်မွေ့ချင်ရမှာပေါ့ . . .
မွေးကတည်းက
တခါမှ မနေဖူးခဲ့တဲ့
"အိမ်" ဆိုတာလေးနဲ့
သိပ်နေချင်တာ။
"မိသားစု" ဆိုတာတွေနဲ့လည်း
သိပ်ပြီး ကြည်နူးချင်တာ . . .




4 472682 672084

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK



# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ဒုတိယအကြိမ် | - | အောက်တိုဘာလ၊ ၂၀၂၃၊ ဇလပ်နီစာပေ |
| ပထမအကြိမ် | - | ဧပြီလ၊ ၁၉၉၉၊ မြတ်မိခင်စာပေ |
| ခြင်းလုံးလေးရဲ့ မိုးကောင်းကင် | - | ဝင်းဝင်းမြင့် (နန်းတော်ရှေ့) |
| မျက်နှာဖုံးဒီဇိုင်း | - | ဓာထာ |
| စာတည်း | - | ဇသစ်ထွန်း |
| အတွင်းအပြင်အဆင် | - | ဇလပ်နီ |
| စာအုပ်ချုပ် | - | မျိုးမျိုးစာအုပ်ချုပ်လုပ်ငန်း |
| အုပ်ရေ | - | ၇၀၀ |
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ<br>၀၉၈၉၉၆၄၀၆၆၈ ၊ ၀၉၄၄၇၂၆၈၂၆၇<br>*www.zalatnisarpay.com* |
| ရောင်းဈေး | - | ၆၀၀၀ ကျပ် |

ဦးဝင်းထက်ဟန်၊ တောင်ဇလပ်နီစာပေ (၀၂၇၇၄) အမှတ် ၁၅၊ ရန်ပြေ ၁၁ လမ်း၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်မျိုးမျိုးသန့်၊ မျိုးမျိုးပုံနှိပ်လုပ်ငန်း၊ (၀၁၅၃၃)၊ အမှတ်(၁၁)၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

၈၀၈.၈၄

ဝင်းဝင်းမြင့် ( နန်းတော်ရှေ့ )

ခြင်းလုံးလေးရဲ့ မိုးကောင်းကင်၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့) - ရန်ကုန်။ ဇလပ်နီစာပေတိုက်၊ ၂၀၂၃။

စာ-၁၅၈ ၊ ၁၃.၉ × ၂၀.၇ စင်တီ

(၁) ခြင်းလုံးလေးရဲ့ မိုးကောင်းကင်


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK

ဘဝအလွမ်း ကျေးဇူးမှတ်တမ်း

ဘယ်တော့မှ မလုပ်ဘူးဟု ဆုံးဖြတ်ထားသော အလုပ်ကို ကျွန်မ သေသေချာချာ လုပ်ဖြစ်သွားခဲ့တာ ပြန်တွေးမိတိုင်း လွမ်းစရာတွေက များလှသည်။ အထူးသဖြင့် "ခြင်းလုံးလေးရဲ့ မိုးကောင်းကင်" ကိုတော့ နောက်တကြိမ် ပြန်မထုတ်တော့ပါဘူးလေဟု စိတ်ထဲမှာ တွေးထားခဲ့ပါသည်။ ဟော... ခုတော့ ထုတ်ဖြစ်သွားခဲ့ပြီ...။ ထုတ်ဝေသူ ဆရာဟန်လေးက "အမှာစာ၊ အမှာစာ" ဟု တစာစာ တောင်းလာပြန်တော့ အဟောင်းတို့သည် အသစ် ဖြစ်ရပြန်ချေပြီ...။

ကျွန်မ၏ ဘဝအလွမ်းများ...။

ကျွန်မ၏ ကိုယ်ပိုင်အတွေးထဲမှာ အနုပညာ ဟူသမျှသည် သူ့အလှနှင့်သူ ရှိနေကြသည် ဖြစ်သောကြောင့် ဘယ်သူက ဘယ်သူထက် သာသည်ဟု ပြောရန် ခက်လှပါလေစွ...။ တခုနှင့် တခု ယှဉ်ပြိုင်စရာ မလို...။ သူ့အကြိုက် ကိုယ့်အကြိုက်သာ ကွဲချင် ကွဲသွားမည်၊ ယှဉ်ပြိုင်ရန် မသင့်ဟု အစဉ်အမြဲ တွေးမိခဲ့ပါသည်။ ထို့ကြောင့်ပင် ကျွန်မတို့ စာရေးခါစ၊ ဆရာမ မိုးမိုး(အင်းလျား) အထိမ်းအမှတ် စာပေပြိုင်ပွဲကို ကျွန်မ သူငယ်ချင်းများ ဝင်ပြိုင်သော်လည်း ကျွန်မ ဝင်မပြိုင်ဖြစ်ခဲ့....။ သို့ရာတွင်...

မွန်းကျပ်ပိတ်ဆို့နေသော ဘဝတခုမှ ထွက်ရန်၊ လွတ်မြောက်ရာ လမ်းစကို ရှာရန် ကျွန်မမှာ ဘာအားကိုးမှ မရှိ။ ကျွန်မကို ကယ်မည့်သူမှာ ကျွန်မ၏ စာပေသာ ဖြစ်သည်ဟု အားတင်းပြီး လုံးချင်းလေး တပုဒ်ကို လမ်းခင်းခဲ့ပါသည်ဟု ခုတော့ဖြင့် ကျွန်မ ဝန်ခံရပါတော့မည်။ ကျွန်မ၏ အသက်မွေးဝမ်းကျောင်း အလုပ်က ဆရာမပါ။ အစိမ်းအဖြူနှင့် ကလေးများကို ချစ်ရသလောက် ပညာရေးလောကကြီးကဖြင့် စိတ်ပျက်စရာ၊ မခံချင်စရာ မထွေးနိုင် မမျိုနိုင်တွေက များလှပါပေရဲ့...။ ထိုစဉ်အချိန်က စာသင်ရတာ တော်တော်၊ ဆိုကရေးတီး ပြေးလိုက်ရ၊ ဟိုပြိုင်ပွဲ ပြေးလိုက်ရ၊ သည်


mgyoe.com

mgyoe.com SAMPLE BOOK
ချိတက်ပွဲ လိုက်လိုက်ရ၊ ဟိုလူကြီး ကြိုလိုက်ရ၊ သည်လူကြီး ကြိုလိုက်ရ...။ ပြောရလျှင် စာတအုပ်စာ ကမည်မထင်ပါ။ ရသည့်လစာ မဖြစ်စလောက်ကလေးအတွက် ဝန်ထမ်းဘဝကို ငြီးငွယ်မနေသင့်ဟု အခါခါတွေး...။ မတန်မရာတွေ လုပ်ရင်း အဓိပ္ပာယ်မရှိ အချိန်တွေကို ဖြုန်းနေမိသည်ဟု တွေး...။

သို့ရာတွင် ကျွန်မမှာ သည်အလုပ်က ထွက်၊ နောက်တလုပ် အပြောင်း ကြားကာလမှာ စားဝတ်နေရေးက မတွေးဝံ့အောင် ခက်ခဲ...။ မိသားစုမှာ အကြီးဆုံး သမီးဖြစ်လေတော့ ဖေဖေ ပင်စင်ယူပြီး နေစရာ အိမ်ကလေး ဖန်တီးလိုက်သည်နှင့် စားစရာက မလုံလောက်တော့...။ အရာရှိကြီး ဖြစ်ပြီး လုပ်ငန်းမှာ ဖြူဖြူစင်စင် နေခဲ့သည်ကို ဂုဏ်ယူခဲ့ကြသော ကျွန်မတို့ မိသားစုသည် လက်တွေ့မှာတော့ စားဝတ်နေရေးက သုည...။ သည်ကြားထဲမှာ မေမေက ကျန်းမာရေး မကောင်း....။ လခဖြင့် မလောက်သေည့်အပြင် လုပ်ငန်းမှာကလည်း သည်းခံနိုင်ဖွယ် မရှိအောင် ကျပ်တည်း...။

ကျွန်မ ဝန်ထမ်းဘဝက ထွက်ပါပြီတဲ့...။ ဘာလုပ်မလဲ...။ အဖြေက ရှိပြီးသား...။ ကျူရှင် သင်မည်...။ ထွန်းထွန်းပေါက်ပေါက် ဖြစ်အောင်ကို သင်မည်။ စာသင်သော အလုပ်ကို စိတ်ကုန်တာ မဟုတ်...။ အထက် အဆင့်ဆင့်၏ အူကြောင်ကြောင်၊ အောက်အဆင့်များ၏ အူကြောင်ကြောင်များကို စိတ်ကုန်နေခြင်းသာ ဖြစ်သည်။ ကျွန်မ လုပ်တတ်တာကလည်း တခုတည်း...။ ဝါသနာကလည်း တခုတည်း...။ စာကို လွတ်လွတ်လပ်လပ် သင်မည်...။ စာသင်ခြင်းဖြင့် ဘဝကို ထူထောင်မည်...။ ဒါ ကျွန်မ၏ ရည်မှန်းချက် စစ်စစ်...။ သို့သော်လည်း ကျွန်မ၏ စိတ်ကူးကို လက်တွေ့ချက်ချင်း ပြောင်းရန် မဖြစ်နိုင်သေး...။ ကျွန်မမှာက တဦးတည်းမဟုတ်...။ မိဘများ၏ တာဝန်၊ မိသားစု၏ တာဝန်ကလည်း ရှိလေသေး...။

ထိုအချိန်တွင် ကျွန်မ လက်ထဲမှာ လုံးချင်းဝတ္ထုလေး တပုဒ်ကလည်း အဆင်သင့် ရှိနေပါလေရဲ့...။ ရေးချင်လွန်း၍ နှစ်ရှည်လများ သေသေချာချာ ကြိုးစားရေးဖွဲ့ထားသော ကျွန်မ၏ ရတနာ။ လုံးချင်းဖြစ်အောင် ရေးချင်သော ဆန္ဒထက်လေးစားဖွယ် မြန်မာအမျိုးသမီး သီလရှင် ဆရာကြီးများ၏ ကိုယ်တွေ့ခံစားမှုများ...။ ဆရာကြီးများ၏ နှုတ်မှ မြွက်ကြားသော အဖိုးတန် စကားများ...။

ဘာသာရေးကို အခြေခံကာ သိမ်မွေ့နူးညံ့သော၊ အားမာန်ပြည့်သော တန်ဖိုးကြီး စိတ်ဓာတ်များကို ကြည်ညို့စွာ ရေးဖွဲ့မိသည့်ဝတ္ထု...။

"ခြင်းလုံးလေးရဲ့ မိုးကောင်းကင်" ဟု အမည်ပေးဖြစ်သည်က အနုပညာ


mgyoe.com

mgyoe.com SAMPLE BOOK
အမြင်နှင့် မဟုတ်...။ သီလရှင်ဆရာကြီးများ၏ အဓိပ္ပာယ် ပြည့်ဝလှသော ဆုံးမစကားကို လေးအနက်ထားကာ တမင်ကို ပေးဖြစ်ခဲ့သော ခေါင်းစဉ်...။ ထိုလုံးချင်းကို ကျွန်မ စာအုပ်ကလေးအဖြစ် ဆရာကြီးများကို ပူဇော်ချင်မိခဲ့ပါသည်။ သို့သော်လည်း စာအုပ်ဖြစ်အောင် ဖန်တီးနိုင်သော စွမ်းအားကလည်း ကျွန်မမှာ မရှိ...။ အကြောင်းကြောင်းများက အမျိုးမျိုး ဖန်လာသည်။

အဓိကမှာ မေမေ၏ ကျန်းမာရေး...။ မေမေ့ကို ဆေးကုရမည်။ စားဝတ်နေရေးအတွက် ရုန်းကန်နေရဆဲ မေမေ့ဆေးဖိုးအတွက် ပူပူပန်ပန်ကို လိုအပ်နေသည်။ ကျွန်မ ငွေရှာရမည်။ စာသင်ခြင်းမှ လွဲပြီး ဘာမှလည်း မလုပ်တတ်...။ ထိုစဉ်မှာ ကြော်ငြာတခုကို တွေ့သည်...။ 'မြတ်မိခင် စာပေဆု' တဲ့...။ ၁၉၉၇ ဇွန်လတွင် ဖြစ်ပါသည်။ 'ပုံနှိပ်ထုတ်ဝေရန် အခွင့်အလမ်း နည်းနေသော ဝတ္ထုရှည်စာပေများ ရှင်သန်ဖွံ့ဖြိုးလာရန်' တဲ့...။ ကျွန်မ စိတ်ဝင်စားသွားပါသည်။ ပြီး အမှန်အတိုင်း ဝန်ခံရလျှင် 'ဆု'...။ ထိုအချိန်က စိတ်ကူးအိပ်မက်ပေါ့...။ ဆုများ ရခဲ့ပါက...။ ထိုစိတ်ကူးအိပ်မက်က ကျွန်မ၏ လေးလံသော ဝန်ကို ပေါ့စေတာ အမှန်...။

ကျွန်မ ဘယ်သူ့ကိုမှ တိုင်ပင်မနေတော့...။ ရှိသမျှ အချိန်ကလေးကို တွက်ကြည့်ပြီး ရေးထားပြီးသည့် စာမူကလေးကို အချော ပြန်ကူးရပါတော့သည်။ ထိုအချိန်က ကွန်ပျူတာ ဆိုတာ ဘယ်နေမှန်း မသိ...။ ကျောင်းကလည်း နေ့စဉ် တက်နေရ။ အိမ်ပြန်ရောက်တော့ မေမေ့ကို ပြုစု...။ ပြိုင်ပွဲဝင်တော့မည် ဆိုတော့ လက်ရေးက အစ သတိထား...။ ပြန်တွေးလျှင်တောင် အမော မပြေသေးဟု ထင်မိပါရဲ့...။ ဝန်ခံရလျှင် ထိုအချိန်မှာ အနုပညာ ဆိုတာ ပြိုင်စရာ မဟုတ်ဘူး ဟူသော အတွေး မှေးမှိန်နေခဲ့ပါသည်။ မေမေ့အတွက်...။ ဖွားထေတို့ အမေမတို့အတွက်...။ ဘဝရှေ့ရေးအတွက်...။ ဘယ်သူတွေ ဘာပြောပြော မှုမနေနိုင်တော့...။ ကျွန်မအတွက် ခံနိုင်ရည် အင်အားကလေးက ဆုရပါစေတော့ဟု မရေး..။ ဘာပေါ်လစီမှ မပါ။ ရေးသင့်သည်ဟု ယုံကြည်သည်ကိုသာ အမှန်အတိုင်း ရေးခဲ့ခြင်းပင်...။

ပြီး ပြိုင်ထားသည့် အကြောင်းကိုလည်း မည်သူ့ကိုမျှ မပြော..။ မေမေ့အတွက် ဆေးဖြစ်ပါစေဟုသာ အခါခါ ဆုတောင်းမိသည်ကိုတော့ မမေ့နိုင်ခဲ့ပါ။ မှတ်မှတ်ရရ ထိုနှစ်က ဆုကြေညာသည်ကိုလည်း စောင့်ခဲ့ရသည်မှာ တမေ့တမော...။ သူတို့က ဝတ္ထုရှည်ရော၊ ဝတ္ထုတိုပါ နှစ်မျိုးလုံးကို တပြိုင်တည်း ပေးရန် ရွေးကြသည်မို့...။ ဝတ္ထုရှည်ဆုက ပထမဆုံးအကြိမ်...။ ဆုကြေညာသည့် နေ့ကတော့ မမျှော်လင့်သော အချိန်...။ ကျောင်းလိပ်စာနှင့် ကျောင်းဖုန်းကိုလည်း ထည့်ပေးလိုက်သောကြောင့်


mgyoe.com

mgyoe.com SAMPLE BOOK
ကျွန်မ စာသင်နေချိန်မှာ ကျောင်းအုပ်ဆရာမကြီးက 'သမီး စာပေပြိုင်ပွဲတွေ ဘာတွေ ဝင်ထားလား' ဟု ပြုံးပြီး မေးသည်ကို ယနေ့ထိ မမေ့နိုင်...။ ကျွန်မ ရင်တွေ ခုန်လှပြီ...။ 'ပထမဆု' တဲ့ဟု ပြောသော ဆရာမကြီး၏ အသံကိုလည်း ယနေ့ထိ ကြားနေမိဆဲပါ...။

ထိုစဉ်က ရရှိခဲ့သော ဆုငွေ တသိန်းသည် ကျွန်မကို ကြီးမားသောအားဖြစ်စေခဲ့ပါသည်။ ပထမဦးစွာ မေမေ့ဆန္ဒအတိုင်း အိမ်မှာ ဆွမ်းကပ်ပါသည်။ မိဘနှစ်ပါး၏ လက်အစုံဖြင့် ရေစက်ချ အမျှဝေခဲ့ရသည်မှာလည်း ကျွန်မအတွက် လွမ်းဖွယ်...။ နောက်တော့ ဇရပ်မွန်ကျောင်းကို လှူပါသည်။ ပြီး မေမေ့ကို စိတ်တိုင်းကျဆေးကုသပေးရပါသည်။ ထို့နောက်မှာတော့ ကျွန်မ ဖြစ်ချင်ဆုံးသော ဆန္ဒအတွက် မိဘများနှင့် တိုင်ပင်ရပါသည်။ အလုပ် ထွက်ရန်...။

ထိုစဉ်က ငွေတသိန်းသည် ခုချိန်မှာ မည်သည့် အတိုင်းအတာနှင့် ညီမည်ကိုတော့ ကျွန်မ မခန့်မှန်းတတ်ပါ။ သို့ရာတွင် ကျွန်မ အလုပ်ထွက်ပြီးနောက် တနှစ်စာခန့် ခန့်မှန်းလိုက်တော့ အနည်းငယ် လိုနေသောကြောင့် ရွှေအနည်းငယ်ကို ရောင်း၍ ဖြည့်ပါသည်။ တနှစ်စာငွေနှင့် အထွေထွေ အသုံးကို မှန်းပြီး အဆင်သင့်ပြီ ဆိုတော့ ကျွန်မ အလုပ်ထွက်ပါသည်။ ခုချိန်မှာ ပြန်တွေးကြည့်လျှင် သည်းထိတ်စရာ...။ ထိုစွန့်စားမှုကြီးကို လိုက်လျော သဘောတူပေးခဲ့ကြသော မိဘနှစ်ပါးကို ကျေးဇူးတင်လှပါရဲ့။ ကျွန်မ၏ ရင်တွင်းခံစားချက်၊ ခံယူချက်တွေကို မသိသူများကတော့ လေစိမ်းတွေ အားရပါးရ တိုက်ကြပါလေတာလည်း မမေ့။

လုပ်သက် ဆယ့်ခုနစ်နှစ်ကို နမြောတသ ကင်းစွာဖြင့် အလုပ်ထွက်သည်ကိုရော၊ စာပေပြိုင်ပွဲ ဝင်သည်ကိုပါ ထင်သလို မြင်သလို ဝေဖန်ကြ၊ ပြောကြသည်များကိုတော့ စိတ်အညှာ ခိုင်ခိုင်ဖြင့် လျစ်လျူရှုရသည်ကလည်း သည်လိုချိန်မှာတော့ လွမ်းချင်စရာ။ မည်သို့ဆိုစေ ၁၉၉၉ ဧပြီလမှာ စာအုပ်ကလေး ထွက်တော့ ကျွန်မက ကျူရှင်ဆရာမ ဖြစ်နေလေပြီ။ ဝိုင်းတွေ လည်သင်နေပြီ။ ကျေးဇူးတင်ဖွယ် အဆက်သွယ် ကောင်းများကြောင့် ကျူရှင်ကြီး တခုမှာ ကိုးတန်း၊ ဆယ်တန်း မြန်မာစာ သင်နေလေပြီ...။

အတိတ်သည် လတ်ဆတ်စွာဖြင့် အလွမ်းကို ချိုမြိန်စေသည့်အတွက် ဇလပ်နီစာပေကို ကျေးဇူးတင်လှပါသည်။ အထူးသဖြင့် ကျွန်မ၏ စာကို မငြီးမငွေ့ ဖတ်ရှုအားပေးသူများကို ကျေးဇူးတင်လှပါသည်ဟု ပြောရုံဖြင့် မလုံလောက်နိုင်သော အကြောင်းကို တင်ပြလိုပါသေးသည်။ စာရေးသူ ဆိုသော ကျွန်မ၏ နယ်ပယ်က


mgyoe.com

mgyoe.com SAMPLE BOOK

ကျဉ်းလှပါသည်။ ကျောင်းနှင့် အိမ်၊ အိမ်နှင့် ကျောင်းမျှသာပါ။ ထို့ကြောင့် ကျွန်မ၏ စိတ်ကို လွှမ်းမိုးနိုင်သူများသည် 'ကလေးသူငယ်များ' သာလျှင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မ ရေးလေတိုင်း ကလေးတောက မထွက်...။ နောက်လည်း ကလေးများနှင့် ပတ်သက်သည်များကိုသာ ရေးနေမိဦးမည် ဖြစ်ပါသည်။ ထိုသော ကျွန်မသည် ချစ်သော စာဖတ်သူများ၏ အားပေးမှု မေတ္တာဖြင့် အသက်ဆက်ခဲ့ရပါသည်။

စာချစ်သူများ အားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ...။
ကိုယ်စိတ်နှစ်ပါး ဘေးကင်းကျန်းမာ ချမ်းသာစွာ ခရီးဆက်နိုင်ကြပါစေ...။
တိုင်းပြည်၏ အနာဂတ်လည်း လှပသစ်လွင် ပျော်ရွှင်နိုင်ကြပါစေ...။

* * *


ဝင်းဝင်းမြင့်(နန်းတော်ရှေ့)


mgyoe.com

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK



သမီးမှာ မွေးသက္ကရာဇ်လည်း မရှိပါဘူး မေမေ။
ဇာတာလည်း မရှိပါဘူး။
နောက်ပြီး
သမီးကိုယ် သမီး ဘာနေ့သမီး ဆိုတာတောင်
မသိပါဘူး မေမေရယ်...။

* * *



mgyoe.com

mgyoe.com SAMPLE BOOK

။ ၁ ။

စကားတခွန်းဟာ မြားတစင်း ဖြစ်သွားမယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်မိခဲ့ပါဘူး။

ကျွန်မရဲ့ မျက်နှာတွေဟာ ရှိန်းခနဲ ပူသွားပါတယ်။ ရင်ခုန်သံတွေလည်း ဒိတ်ဒိတ်မြန်လာတယ်။ ခေါင်းနပန်းကြီးတယ် ဆိုတာလည်း ဒါမျိုးပဲ နေမှာပါ။ ချက်ချင်း သတိထားပြီး အသက် မှန်မှန်ရှူ။ စိတ်ကို ဖြေလျှော့...။ ဝင်လာခဲ့ကြစမ်းပါ သတ္တိတို့ရဲ့။ ဘာဖြစ်လို့ ဒါလောက် ပျော့ညံ့ရမှာလဲ...။ ကိုယ့်ကိုယ်ကိုယ် အားပေးစရာ တခုပဲ ရှိလေရဲ့...။

အဲဒါကတော့ ကျွန်မရဲ့ ရှေ့မှာ ရှိနေကြတဲ့ သူတွေဟာ ရန်သူတွေမှ မဟုတ်ဘဲ။ ချစ်သူတွေ...။ သိပ်ကိုချစ်တဲ့ ချစ်သူတွေ။ ကျွန်မရဲ့ သတို့သားလောင်းနဲ့ ကျွန်မ ချစ်သူရဲ့ မေမေ။ ကျွန်မရဲ့ မေမေပဲပေါ့။ ကျွန်မအတွက် မြားတစင်း ဆိုတဲ့ စကားက လည်း-

"သမီးရဲ့ မွေးသက္ကရာဇ် ပေးထားလေ။ ဇာတာလေးကို သားနဲ့ ထည့်ပေးလိုက်ပေါ့။ သမီးတို့ မအားရင်လည်း ကိစ္စ မရှိပါဘူး။ မေမေတို့ လူကြီးတွေ လုပ်စရာ ရှိတာ လုပ်ထားပေးမှာပါ။ မင်္ဂလာကိစ္စ ဆိုတာ အချိန်သင့် အခါသင့် လုပ်တာမှ



mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းတာ" တဲ့။

မေမေက ကျွန်မကို ကြင်ကြင်နာနာနဲ့ ပြောရှာတာပါပဲ။

ကျွန်မဘက်ကလည်း မေမေ့အစီအစဉ်တွေကို ငြင်းပယ်ဖို့ ဆန္ဒမရှိခဲ့ပါဘူး။။ အယုံအကြည် အစွဲအလမ်းတွေ သိပ်မကြီးတတ်ပေမဲ့ သမားရိုးကျ ကိစ္စတွေကိုလည်း ဆောင်ရွက်ရမှာပေါ့။

ဒါပေမဲ့ ကျွန်မ ခေါင်းခါငြင်းလိုက်ရပါတယ်။ အဲဒီအချိန်မှာ အားငယ်သွားတဲ့ စိတ်ရဲ့ ဒီဂရီကိုသာ တိုင်းတာလို့ ရမယ် ဆိုရင်တော့ ဟိုး... သုညအောက်မှာ 'အနုတ်' ပြနေပါလိမ့်ဦးမယ်။

"သမီးမှာ မွေးသက္ကရာဇ်လည်း မရှိပါဘူး မေမေ။ ဇာတာလည်း မရှိပါဘူး။ နောက်ပြီး သမီးကိုယ်သမီး ဘာနေ့သမီး ဆိုတာတောင် မသိပါဘူး မေမေရယ်"

လို့ ပြောလိုက်တဲ့အခါ-

မေမေ့မျက်နှာလည်း သိသိသာသာကြီး ညှိုးသွားပါတယ်။ အနည်းငယ် အေးစက်နေတဲ့ လက်ဖျားနဲ့ ကျွန်မရဲ့ လက်တွေကို ဆုပ်ကိုင်လိုက်ပြီး-

"မေ့သွားတယ် သမီးရယ်"

လို့ တိုးတိုးတိမ်တိမ်လေး ပြောပါတယ်။

ကျွန်မ မျက်လွှာချလိုက်တယ်။ ဒီအခန်းထဲမှာ သက်ရှိလူသား သုံးယောက် ရှိတယ် ဆိုတာ ယုံချင်စရာမရှိပါဘူး။ တိတ်ဆိတ်ပုံကြီးက ကြောက်ရွံ့ထိတ်လန့်စရာ...။ ချောက်ချက် ချောက်ချက် လမ်းလျှောက်သံပေးနေတဲ့ တိုင်ကပ်နာရီတောင် ကျွန်မတို့ကို ကြည့်ပြီး စိတ်ညစ်နေသလား မပြောတတ်ပါဘူး။ အချိန်တွေကလည်း လေးလံ ကြာမြင့်လာတယ်လို့ ခံစားနေရပြီး ကျဉ်းကျပ်သိမ်ငယ်လိုက်တာလေ။

"ကဲပါ မေမေရယ်၊ သိပ်ပြီး စဉ်းစားမနေပါနဲ့။ ပြက္ခဒိန်ပေါ်က ရက်ရာဇာဟာ သားတို့အတွက်လည်း နေကောင်းရက်သာပဲပေါ့ နော်...။ ဟုတ်ဘူးလား မိုးသည်း"

ကျွန်မရဲ့ ချစ်သူကတော့ အမြဲတမ်း တက်ကြွရွှင်လန်းနေတဲ့ ပေါ့ပါးသူ တယောက်ပီပီ ရယ်သံတွေ စွက်ပြီး အားပေးပါတယ်။ ဒီတော့မှ ကျွန်မမှာ မေမေ့ မျက်နှာကို မဝံ့မရဲ မော့ကြည့်ဖို့ ကြိုးစားရပါတယ်။

ကျွန်မနဲ့ မေမေက နှစ်ယောက်ထိုင် ကုရှင်ဆက်တီပေါ်မှာ နီးနီးကလေး ကပ်ပြီး ထိုင်နေကြတာပါ။ မေမေရဲ့ လက်ဖဝါး နူးနူးညံ့ညံ့ကလေးတွေနဲ့ ကျွန်မရဲ့ အေးစက်စက် လက်နှစ်ဖက်ကိုလည်း ဆုပ်ကိုင်ထားဆဲပါ။ ဒါပေမဲ့ ကျွန်မရဲ့ ရင်ထဲ မှာတော့ မေမေနဲ့ ဝေးသွားသလိုပါပဲ...။ မေမေ့ရဲ့ မျက်ဝန်းရိပ်ကလည်း အဓိပ္ပာယ်


mgyoe.com

mgyoe.com SAMPLE BOOK

ဖော်ရ ခက်ခက်။

မေမေက ကျွန်မရဲ့ လက်တွေကို ဖြေလျှော့လိုက်ပါတယ်။ ခေါင်းကို ဖြည်းဖြည်းလေးလေး ညိတ်တယ်။

"သောက်လိုက်ဦး... သမီး"

လိမ္မော်ရည်ဖန်ခွက်ကို ကျွန်မလက်ထဲ ထည့်ပေးပါတယ်။ အလိုက်သင့်ယူပြီး တကျိုက် သောက်လိုက်တယ်။ လည်ချောင်းထဲမှာ အေးသွားပေမဲ့ ကျွန်မရဲ့ ရင်ကိုတော့ အေးမြနိုင်စွမ်း မရှိနိုင်ပါဘူး။ စကားဝိုင်းကလည်း ပြောစရာစကား မရှိတော့သလို ငြိမ်သက်သွားပြန်ပါတယ်။ ဖြစ်နိုင်ရင် ခုချက်ချင်း ကျွန်မရဲ့ အခန်းကလေးထဲဆီကို ပြန်ရောက်သွားချင်တာ။ ကျွန်မ အိမ်ပြန်ချင်သလို မေမေတို့ သားအမိကလည်း ပြန်စေချင်လိမ့်မယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မတို့ သုံးယောက်ရဲ့ ခံစားချက်ကို တခြားတယောက် မသိစေချင်တာက တကြောင်း၊ နောက်အကြောင်းတခုက ပိုလို့တောင် အရေးကြီးပြန်တာပေါ့လေ...။ အထူးသဖြင့် ကျွန်မ ချစ်သူရဲ့ ကျွေးမေမေဖြစ်တဲ့ 'ကြီးမေ'ရဲ့ ရှေ့မှာ ဒီအခြေအနေမျိုးတွေ မရှိစေချင်တာပဲပေါ့...။

လိုအပ်တာထက် ပိုပြီး နားလည်နိုင်ခဲ့တဲ့ ကျွန်မကပဲ ဇာတ်သိမ်းဖို့ ကြိုးစားလိုက်ပါတယ်။ လိမ္မော်ရည်ကို မြန်မြန်သောက်၊ မျက်နှာအမူအရာ သင့်တော်အောင်ပြုပြင်...၊ သက်ပြင်းကို ကြိတ်ရှိုက်။

"မေမေ...၊ သမီး အလုပ်တွေ ရှိသေးလို့ ပြန်ပါဦးမယ်"

"အေး... အေးကွယ် သမီးလေး။ ဘာမှ စိတ်မကောင်း မဖြစ်နဲ့နော်။ အားလုံး အဆင်ပြေအောင် မေမေ ကြည့်ပြီး စီစဉ်မယ်။ ဟုတ်လား။ ကဲ... သား လိုက်ပို့မှာ ဟုတ်လား။ သွားကြတော့... သွားကြတော့"

မေမေ့ကို ကန်တော့ပြီး အခန်းထဲက ထွက်လိုက်တော့ စိတ်ထဲမှာ အနည်းငယ် ပေါ့ပါးသွားပါတယ်။ အလာတုန်းက သူနဲ့ အတူတူ ရှေ့ခန်းမှာ ထိုင်ခဲ့ပေမဲ့ အပြန်လမ်းမှာတော့ ကျွန်မရဲ့ လက်တွေက နောက်ခန်း ကားတံခါးဆီကို အလိုလို ရောက်သွားခဲ့ပါတယ်။

"ဘာလုပ်တာလဲ၊ ရှေ့က လာလေ"

လို့ သူက မျက်မှောင်ကုတ်ကုတ်နဲ့ ပြောနေတဲ့ အချိန်မှာ ကျွန်မ ကားထဲကို ရောက်နေပါပြီ။

'ဘယ်သွားဦးမလဲ'

လို့ မှန်ကတဆင့် ကြည့်ပြီး လှမ်းမေးတော့ ကျွန်မ ခေါင်းယမ်းပြလိုက်ပါ


mgyoe.com

တယ်။

'ဘာဖြစ်နေတာလဲ၊ Don't Worry'

လို့ ပြောပြီး သူက သီချင်းတပုဒ်ကို ဖွင့်ပါတယ်။ အဲဒီသီချင်းက သူရော ကျွန်မရော သိပ်ကြိုက်တဲ့ သီချင်းပေါ့။ သီချင်းတေးသွားတွေကို သူက လေလိုက်ချွန်နေတယ်။ ကျွန်မရဲ့ စိတ်ထဲမှာလည်း တိတ်တိတ်ကလေး စာသားတွေကို လိုက်ဆိုကြည့်နေလိုက်တယ်။


*'မင်းက လွဲပြီး... ကိုယ်မချစ်ဘူး...*
*ဘယ်တော့မှ တခြားသူ အစားမထိုးဘူး...*
*ကိုယ့်အချစ်ဟာ မင်းတယောက်တည်းအတွက်...*
*အို... အရှင်းဆုံးပဲ...*
*မင်းက လွဲရင်... အပိုမရှာဘူး....'*

* * *



mgyoe.com

mgyoe.com SAMPLE BOOK



သူနဲ့ ဝတ်သက်ပြီး
အမြဲ သတိပြုနေရတာလေး တခုတော့
မှတ်မှတ်ထင်ထင် ရှိခဲ့ပါတယ်။
အဲဒါ ဘာလဲ ဆိုတော့
လုံချားပေါ်မှာ ပုစဉ်း နားနေတဲ့အတွက်
ကျိုးတကောင်က သူ့ရဲ့ဘောကြောင်မနေဖို့ပါပဲ...။

* * *



mgyoe.com

mgyoe.com SAMPLE BOOK

॥ ၂ ॥

*လောကကြီးမှာ ငါ မရှိ။ ရုပ်နာမ်သာ ရှိ၏။ ရုပ်နာမ်တို့ကို မချစ်အပ်၊ မမုန်း အပ်ကုန်ပါတကား။ ရုပ်နာမ်တို့ကို ချစ်၊ မုန်းလျှင် ဆင်းရဲဒုက္ခ ရောက်ရမည် အမှန်ပါ တကား။ ရုပ်နာမ်တို့ကို မချစ်မမုန်းလျှင် နိဗ္ဗာန်ချမ်းသာခြင်းသို့ ရောက်ရမည် အမှန်ပါ တကား...*

မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေနဲ့အတူ ကြီးပြင်းလာ ခဲ့ပြီး အရေးကြီးတဲ့ အဆုံးအမတွေကို အိပ်ခန်းနံရံမှာ စီကပ်။ စာအုပ်ဖုံးတွေပေါ်မှာ ရေး။ ကြုံကြိုက်တိုင်း စကားထဲမှာ ထည့်ပြောခဲ့ပေမဲ့ တကယ်တမ်း တိုးဝင်လာခဲ့တာ ကို လက်ခံလိုက်ရတာကတော့ 'အချစ်' ပဲ ဖြစ်ပါတယ်။ ခုတော့ မချစ်ရမှာကို ကြောက်တဲ့ ဒုက္ခ။ သူ မုန်းသွားမှာ၊ ကိုယ်ကလည်း မုန်းရမှာကို ကြောက်တဲ့ ဒုက္ခ။ ဒီ ဒုက္ခတွေဟာ တွေးပြီး ကြောက်နေသေးတဲ့ အဆင့်ပါ။ ဒါပေမဲ့ ပူရှပြင်းကြမ်းပြီး ခါး ခါးသီးသီး နိုင်လိုက်တာ...။

"ဟိတ်... ငြိမ်လှချေလား"

ကျွန်မက သူ့ကို ပြန်ပြီး မချိတရိ ပြုံးပြလိုက်တယ်။ သူကတော့ ကျွန်မ ရင် ထဲက အပူတွေကို မသိသလိုပဲ။ မသိချင်ယောင် ဆောင်တာတော့ မဟုတ်ဘူး ထင်ပါ


mgyoe.com

mgyoe.com

ရဲ့။ ဒါမှမဟုတ်ရင်လည်း တမင်ဖော့ပြီး ခံစားစေချင်တဲ့ စေတနာပဲ ဖြစ်မှာပါ။ သူနဲ့ ပတ်သတ်ပြီး အမြဲ သတိပြုနေရတာလေး တခုတော့ မှတ်မှတ်ထင်ထင် ရှိခဲ့ပါတယ်။ အဲဒါ ဘာလဲ ဆိုတော့ လုံ့ဖျားပေါ်မှာ ပုစဉ်း နားနေတဲ့အတွက် ကျီးတကောင်က သူ့ရဲ့ ဘော ကြောင်မနေဖို့ပါပဲ...။ သူ့သတ္တိက ရှင်းရှင်းလွယ်လွယ်လေးပဲလေ...။ တကယ် မရင်ဆိုင်ရသေးဘဲ စွမ်းအင်တွေကို ဘာပြုလို့ အလဟဿ သုံးပစ်ရမှာလဲ ဆိုတဲ့ လူစားကို ကျွန်မက တွေးဆ၊ ပြင်ဆင်၊ ကြိုတင်ပူပန်ပြနေရင် မလိုလားအပ်တဲ့ သောကတွေ ထပ်ဝင်လာဦးမယ်။ သူ ကျွန်မကို တိတိကျကျ စကားတခွန်းပဲ အပြတ် ပြောခဲ့တာ။

"မင်းက လွဲပြီး ဘယ်သူ့ကိုမှ ကိုယ် မယူနိုင်ဘူး။ မချစ်နိုင်ဘူး" တဲ့...။

ကျွန်မမှာ အဲဒီ အားဆေးတခွက်နဲ့ အသက်ဆက်လာခဲ့ရတာလေ...။ သူ့ စိတ်နဲ့ ကျွန်မရဲ့စိတ် သိပ်တော့ တူခဲ့ကြတာ မဟုတ်ပါဘူး။ ဒါပေမဲ့ တူတာတခု ရှိခဲ့ တယ်။

'အချစ်'...။

ဟိုဟိုဒီဒီ လျှောက်တွေးရင်း ကျွန်မရဲ့ ရင်ထဲက တင်းမာမွန်းကျပ်မှုတွေ ပြေလျှော့သွားပါတယ်။

"တကယ်ပဲ ဘယ်မှ မသွားချင်တော့ဘူးလား မိုးသည်းရယ်"

"အင်း... ဒီနေ့ တယောက်တည်း အေးအေးဆေးဆေး နားနားနေနေ နေ ရမလားလို့"

"နောက်နေ့ တွေ့ရင် မဟုတ်မဟတ် ဆုံးဖြတ်ချက်တွေတော့ သယ်မလာပါ နဲ့နော် မမချော"

သူကလည်း ကျွန်မ အကြောင်းကို အတွင်းသိအစဉ်းသိ သိသူပီပီ ကြိုတင် တားမြစ်ချက်တွေ ဘာတွေ ထုတ်လို့။ ကျွန်မ စိတ်ထဲမှာ သက်သောင့်သက်သာ ပိုပြီး ရှိသွားပြန်ပါတယ်။

ကျွန်မ နေတဲ့နေရာကို ရောက်တော့-

"အားလုံးကို နားလည်ခွင့်လွှတ်နိုင်တယ် ဟုတ်လား"

လို့ ကားပေါ်က မဆင်းသေးဘဲ မေးရတယ်။

"ဘာကိုလဲ...။ ဘာလုပ်ဦးမှာလဲ၊ လန့်လာပြီ"

"ဩော်... ဒီနေ့ ဘယ်မှ မသွားဘဲ အိမ်ကို တန်းပြီး ပြန်တဲ့အတွက် ပြော တာပါ ထိုက်ရယ်"


mgyoe.com

mgyoe.com
SAMPLE BOOK

ဆိုတော့မှ ရယ်ရယ်မောမောနဲ့။


'ဒါလေးများ.... ဒါလေးများ.... ' သီချင်းဆိုရင်း ကျွန်မကို မျက်စိတဖက် မှိတ်ပြပြီး ကားမောင်းထွက်သွားပါတယ်။ ကျွန်မလည်း ပေါ့ပါးရွှင်လန်းတဲ့ စိတ်နဲ့ လှေကားတွေကို တက်ခဲ့တယ်။ အိတ်ထဲက သော့ကို ထုတ်၊ တံခါးသော့ ဖွင့်။ ပြီး တော့ နကျယ်အိမ်ကလေးကို ကြည့်...။

အဲဒီရှုံ့အိမ်ကလေးဆီက ခံစားချက်တွေ စီးကူးယူ...။

* * *


mgyoe.com

mgyoe.com SAMPLE BOOK



နတ္ကျယ်ကောင်ကလေးတွေ သိပ်ကံကောင်းကြတာပဲ။
သူတို့ရဲ့ အဖေ၊ အမေတွေဟာ
နေဖို့လည်း အိမ်ဆောက်ပေးခဲ့တယ်။
စားဖို့ အစာလည်း ထားခဲ့ကြတယ်။
ဒါပေမဲ့...
သားသမီး နတ္ကျယ်လေးတွေကတော့
ကျေးဇူးရှင်မိဘတွေကို
ဘယ်သူဘယ်ဝါမှန်း မသိတဲ့အတွက်
ကျေးဇူးဆပ်ခွင့် ရမယ် မထင်ဘူး...။

* * *



mgyoe.com

mgyoe.com SAMPLE BOOK

။ ၃ ။

ကျွန်မလေ… ဟို့လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်သမီးလောက်က ‘နကျယ် အိမ်လေး တအိမ်ကို ကျွန်မရဲ့လက်တွေနဲ့ စိတ်တိုင်းကျ ဖျက်ဆီးခဲ့ဖူးတယ်။ ယုတ်မာရိုင်းစိုင်းတဲ့ စိတ်နဲ့တော့ မဟုတ်ဘူးပေါ့။ ကျွန်မ အဖော်ရှာတာလေ…။ ကြေကွဲဖော် ရှာခဲ့တာ…။ ခုထိ နကျယ်ကောင်ကလေးတွေဟာ ကျွန်မနဲ့ ဘဝတူ။ အဲလေ… ဘဝတူလို့ မပြော နိုင်သေးဘူး။ သူတို့တွေဟာ ကျွန်မထက် ‘ကံ’ ကောင်းမယ် ထင်ပါရဲ့…။

မှတ်မိနေပါသေးတယ်။ ရွှံ့အိမ်ကို တုတ်ချွန်ချွန်နဲ့ ကော်ထိုးပြီး ဖျက်တာ…။ ရွှံ့အိမ်လုံးလုံးကလေးဟာ ကျွန်မရှေ့မှာ ပက်လက်ကလေး လန်လို့ ကျလာတယ်။ အဲဒီအဆင့်ကို ရောက်တော့ တော်တော်လေး သတိထားပြီး ဖျက်ရတယ်။ အထဲမှာ ဘာတွေ ရှိမလဲ…။ သံချောင်း ချွန်ချွန်လေးနဲ့ ထိုးတော့ အထဲမှာ ရွှံ့အိမ်ဟာ ရှည်မျော မျော အကန့်လေးတွေနဲ့။ နကျယ်ကောင် ဖြစ်မယ့် ပိုးကောင်လေးတွေဟာ အသက် မဝင်သေးတာလား၊ အိပ်မောကျနေတာလား မသိဘူး။ နောက်နံရံ အကန့်ကလေး တခုထဲမှာတော့ ပိုးတုံးလုံး ခေါ်သလား ဘာလား မသိပါဘူး။ တွန့်တွန့် တွန့်တွန့် သွားတတ်တဲ့ အကောင်စိမ်းစိမ်းကလေး နှစ်ကောင်…။ နကျယ်ကောင်လေးတွေရဲ့ ပါးစပ်ဖျားမှာ ကိုက်ချီလာတတ်တဲ့ အကောင်မျိုးလေးပေါ့…။ အဲဒါကို တွေ့တော့ အတူတူ ဖျက်ကြတဲ့ ကျွန်မရဲ့ သူငယ်ချင်းက လူတတ်ကြီး စတိုင်နဲ့ ဆရာ လုပ်တယ် လေ။



mgyoe.com

mgyoe.com SAMPLE BOOK

"တွေ့လား။ နကျယ်ကောင် အမေကြီးက သူ့သားသမီးတွေအတွက် အစာအဖြစ် ဒီကောင်ကို ထည့်ပေးထားခဲ့တာ။ ဟိုကောင်လေးတွေ ကြီးရင် အဲဒီအစာကို စားမယ်။ ပြီး ရွှံ့နံရံကို ဖောက်ထွက်မယ်" တဲ့။

ဟုတ် မဟုတ်တော့ မသိဘူး။ ကျွန်မက သူ ပြောတာကို ယုံနေတယ်။ နောက်ပြီး တဆက်တည်း ခံစားလိုက်သေးတယ်။

'နကျယ်ကောင်ကလေးတွေ သိပ်ကံကောင်းကြတာပဲ။ သူတို့ရဲ့ အဖေ၊ အမေတွေဟာ နေဖို့လည်း အိမ်ဆောက်ပေးခဲ့တယ်။ စားဖို့ အစာလည်း ထားခဲ့ကြတယ်။ ဒါပေမဲ့ သားသမီး နကျယ်လေးတွေကတော့ ကျေးဇူးရှင် မိဘတွေကို ဘယ်သူ ဘယ်ဝါမှန်း မသိတဲ့အတွက် ကျေးဇူးဆပ်ခွင့် ရမယ် မထင်ဘူး'

အဲဒီလို တွေးရုံ မကသေးပါဘူး။ ကျွန်မက ကျွန်မရဲ့အတွေးကို သူငယ်ချင်း သိအောင် ပြောပြတော့-

"ဟင်... ဘာတွေမှန်းလည်း မသိဘူး။ အဲဒီလို လျှောက်တွေးနေရင် နင် ရူးသွားလိမ့်မယ်"

လို့ ပြန်ပြောတယ်။ အဲဒါ ကျွန်မ ဆယ်နှစ်သမီးလောက်ကပါ။ ခုချိန်ထိတော့ ကျွန်မ မရူးသွပ်သေးပါဘူး။ ဒါပေမဲ့ အတွေးတွေကတော့ တွေးကောင်းဆဲပါ။ အထူးသဖြင့် နကျယ်အိမ်ကလေးတွေကို မျက်ခြည်မပြတ် ကြည့်...။ ကိုယ့်ဘဝကိုယ် သိရတာပေါ့လေ...။

အိပ်ခန်းရယ်၊ ညှော်ခန်းနဲ့ ထမင်းစားခန်း နှစ်ခန်းတည်းသာ ဖြစ်နေတဲ့ ကျွန်မရဲ့ အခန်းလေးဟာ ဆယ့်နှစ်ပေပတ်လည် ကျယ်တယ် ဆိုတော့ တယောက်စာအတွက် နေသာထိုင်သာ ရှိတယ်လို့ ပြောနိုင်တာပေါ့နော်။ ခုချိန်မှာတော့ အဲဒီအခန်းလေးဟာ ကျွန်မ ပိုင်ဆိုင်တဲ့ အိမ်လေးပေါ့။ 'အိမ်'လို့ ဆိုပေမဲ့ သီးသန့်လုံးချင်းအိမ်လည်း မဟုတ်။ တခြား ပိုင်ရှင်ရှိတဲ့ အိမ်ခန်းမျိုးလည်း မဟုတ်။ ဘယ်လို ပြောရပါ့မလဲ...။ အိမ်တဆောင် မီးတပြောင်လိုလည်း ခံ့ညားထည်ဝါမှု မရှိလှပေမဲ့ လွတ်လွတ်လပ်လပ် သီးသီးသန့်သန့်လေး နေခွင့်ရလို့ စိတ်ချမ်းသာလှပါတယ်။ ဒီအခန်းလေးကို ကျွန်မရဲ့ အရည်အချင်းနဲ့ ကြိုးစားမှုကြောင့် ရခဲ့တာလို့ ကျွန်မက တွေးပြီး ဂုဏ်ယူ မဆုံးလည်း ရှိခဲ့ဖူးပါတယ်။

ကျွန်မရဲ့ ခေါင်းရင်းမှာ ဘုရားစင်လေး ရှိတယ်။ အဲဒီဘုရားစင်ရဲ့ အောက်မှာတော့ ကျွန်မ သိပ်ကို နှစ်သက်လှတဲ့ ကဗျာကလေး တပုဒ်ထဲက စာသား တချို့ တဝက်ကို တတ်သလို မှတ်သလို ဘာသာပြန်ပြီး ရေးကပ်ထားတယ်လေ။ ကဗျာ


mgyoe.com

mgyoe.com SAMPLE BOOK

ဆရာကြီး ဝိလျံအားနက်စ် ဟင်နလေရဲ့ ကဗျာကလေးပါ။

*'ဇာတိစိတ်အတွက်*
*နတ်ဒေဝတာတွေ မှိုင်းမတာ*
*ဘာမဆို ငါ ကျေးဇူးတင်ရဲ့...။*
*အကြောင်းခြင်းရာများရဲ့ လဲကျတဲ့ ဆုပ်ကိုင်မှုမှာ*
*ငါဟာ...*
*မတွန့်ဆုတ်ဘူး...*
*ဟစ်မငိုဘူး...'။*

အဲဒီကဗျာကလေးကို ချစ်ခဲ့ဖို့ ရှေ့ပြေး အတိတ်နိမိတ်အဖြစ် ကျွန်မရဲ့ ဇာတိစိတ်ဟာ အားမငယ်တတ်ခဲ့ဘူးလို့ ကျွန်မယုံကြည်နေဆဲပါ။ အဲဒီကဗျာလေးကို တွေ့ပြီးတဲ့နောက် ကျွန်မရဲ့ လှည့်ပတ်နေတဲ့သွေးတွေ ပိုပြီး ခြင်းခြင်းနီလာခဲ့တာ ပေါ့...။

အဲဒီစိတ်တွေနဲ့ လူတလုံး သူတလုံး ဖြစ်အောင် ကျွန်မကိုယ် ကျွန်မ မွေးမြူခဲ့ရတယ်။ ဝမ်းကျောင်းတဲ့ အလုပ်တခုမှာ အရေးကြီး အဆင့်နဲ့ အလိုရှိနေသူ အဖြစ်...။ ယုံကြည်စိတ်ချခံရသူ အဖြစ်...။ အစဉ်တစိုက် အားကိုးဖို့ မျှော်လင့်ခံရသူ အဖြစ်...။ ကျွန်မကို ဒီအခန်းကလေးမှာ နေခွင့်ပြုခဲ့ကြတာလေ။

ကျွန်မက ပုဂ္ဂလိကလုပ်ငန်း မီနီမတ်ကတ်ကြီးတခုမှာ အရောင်းဝန်ထမ်းလေးအဖြစ် စပြီး အလုပ်ဝင်ခဲ့တာပါ။ အထူးသဖြင့် ပြောချင်တာက အဲဒီမီနီမတ်ကတ်ကြီးရဲ့ ပိုင်ရှင်ဟာ စည်းကမ်းကြီးကြီး အမျိုးသမီးကြီးတယောက် ဖြစ်တယ် ဆိုတာပါပဲ။ ကျွန်မ အဝေးသင်တက္ကသိုလ် ဒုတိယနှစ် သချ်ာ တက်နေတဲ့ နှစ်မှာပဲ ကွန်ပျူတာ သင်တန်းလည်း တက်ခွင့်ရခဲ့ပါတယ်။ ကြွားတယ်လို့ မထင်ရင် ပြောပါရစေ။ ကွန်ပျူတာ သင်တန်းမှာ အမြဲတမ်း ထူးချွန်မှတ်နဲ့ မျက်နှာသာ ရခဲ့တော့ သင်တန်း ဆရာတွေက ကျွန်မကို ခင်ကြပါတယ်။ တနေ့တော့ ကွန်ပျူတာ ဆရာမက ကျွန်မကို စကားစလာ ပါတယ်။

"မိုးသည်းဖြူ အလုပ်လုပ်ချင်သလား။ ကိုယ်ပိုင်ဝင်ငွေ ရတဲ့ အလုပ်မျိုးပေါ့"

ဆိုတော့ ကျွန်မ သိပ်ကို ပျော်ရွှင်သွားတာ...။

"လုပ်ငန်းရှင်က အမျိုးသမီးကြီးပါ။ သိပ်ကို စည်းကမ်းကြီးပြီး တိကျပြတ်သားတဲ့ အပျိုကြီးပေါ့။ ဆရာမကို ရိုးရိုးသားသားနဲ့ ကြိုးစားတဲ့ မိန်းကလေး တယောက်လောက် ရှိရင် သူနဲ့အတူ လက်တွဲပြီး အလုပ် လုပ်ချင်တယ် ပြောလို့"


mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလိုနဲ့ ကျွန်မ အလုပ်ရခဲ့တာ။ အဲဒီလုပ်ငန်းမှာ ကျွန်မ သိပ်ပျော်တာပဲ။ ဘယ်မှာလဲ...။ စည်းကမ်းကြီးပြီး ပေါင်းရသင်းရ ခက်တယ်ဆိုတာ...။ ကျွန်မဖြင့် အပြစ်ရှာလို့ မတွေ့ခဲ့ပေါင်...။ ကျွန်မတို့က အလုပ်ရှင်ကို 'မမကြီး'လို့ ခေါ်ကြပါတယ်။ မမကြီး စည်းကမ်းကြီးတယ် ဆိုတာလည်း ဟုတ်ပါတယ်။ တိကျပြတ်သားတယ် ဆိုတာလည်း ဟုတ်တာပါပဲ...။ အဲဒီမမကြီးက ကျွန်မကို ကွယ်ရာမှာ ပြောသတဲ့။

"ဟောဒီဆိုင် တခုလုံးမှာ မိုးသည်းဖြူကိုပဲ စိတ်တိုင်းကျတယ်"

အဲဒီစကားဟာ ကျွန်မအတွက် မိုးပေါ်တက်ပြီး ကခုန်ပစ်ချင်စရာ စကားပေါ့။ မမကြီးက လူတွေကို ချီးကျူးခဲတယ်လေ...။

ကျွန်မ စိတ်ဝင်စားဆုံး အလုပ်ဟာ အကြောင်းကြောင်းကြောင့် ကွာဟနေတဲ့ ကိန်းဂဏန်းတွေကို အံဝင်ခွင်ကျ အဖြေထွက်အောင် ရှာဖွေပေးရခြင်းပါပဲ။ ဆိုင်မှာ တနေ့တနေ့ ရောင်းပြီးခဲ့တဲ့ ပစ္စည်းအထွက်နဲ့ ငွေအဝင် ကိုက်ညီဖို့ ဘုရား 'တ'နေကြရသတဲ့။ ဒီလို ငွေစာရင်းစစ်တဲ့ အလုပ်ကို လုပ်ဖို့ စီးပွားရေးတက္ကသိုလ် ကျောင်းဆင်းတွေကို ခဏခဏ အားကိုးဖူးတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ အဲဒီအလုပ်ဟာ တော်တော်လေး ဦးနှောက် မီးတောက်တာပဲ။ ဆိုင်အခြေအနေနဲ့ ပစ္စည်းအကြောင်းကို အရင်ဦးဆုံး နားလည် မထားခဲ့ရင် စာရင်းချည်း သန့်သန့်စစ်ရရင် အဖြေက တော်တော်နဲ့ မကိုက်တတ်ပါဘူး။


ကျွန်မက အရောင်းကူပါ။ ဒါပေမဲ့ စာရင်းစစ်လို့ မကိုက်ရင် ဟိုကောင်တာ ပြေး...၊ ဒီကောင်တာ ပြေး...။ ဟိုမေး ဒီမေး စပ်စပ်စုစုနဲ့ပဲ ဘာကြောင့် ဘာကြောင့် ဆိုတာ ဒက်ဒက်နဲ့ တွက်လို့ ချက်လို့ ပြီးသွားတတ်ပါတယ်။ ဒီလိုနဲ့ပဲ ညလုပ်ငန်းဖြစ်တဲ့ စာရင်းစစ်ကိစ္စဟာ ကျွန်မ ဦးနှောက်ဆီကို တန်းတန်းကြီး ဝင်လာတော့တယ်လေ။ နောက်ပြီး နေစရာ အခန်းလည်း ရခဲ့တယ်ပေါ့။ ကျွန်မ နေတဲ့ အခန်းကလေးဟာ ကျွန်မတို့ မီနီမတ်ကတ်ရဲ့ အပေါ်ထပ်မှာ ရှိပါတယ်။ အပေါ်ထပ်မှာက ကုန်ပစ္စည်း သိုလှောင်ခန်းများနဲ့ ဆိုင်ရဲ့ သန့်ရှင်းရေး အလုပ်သမား မိသားစုလည်း နေပါတယ်။ ကျွန်မအတွက်တော့ သီးသန့် ကမ္ဘာလေး တခုပေါ့လေ...။

ဒီအခန်းကလေးထဲမှာ ကျွန်မ တယောက်တည်း နေရတာကို သိပ်ကောင်းတာပဲလို့ ခဏခဏ တွေးပြီး စိတ်ကျေနပ်မှုတွေ ရခဲ့ပေမဲ့ တခါတခါတော့လည်း ဒီအခန်းလေးရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ဟာ ကျွန်မရဲ့ဘဝ အဓိပ္ပါယ် ဖွင့်ဆိုချက်ပါပဲလားလို့ အထီးကျန်ဆန်ဆန် တွေးမိပြန်ပါရော...။

***


mgyoe.com

mgyoe.com SAMPLE BOOK



ကျွန်မတို့ တွေ့ကြုံရသမျှတွေတာ
တံကြမ္မာရဲ့ အလိုတော်ကျ ဆုံးဖြတ်ချက်တွေပဲ မဟုတ်လား။
အဲဒီတံကြမ္မာ ဆိုတာကြီးတလည်း
ဘယ်သူမှ စောဒကတတ်ခွင့် မရှိအောင်
ဟန့်တားနိုင်စွမ်းတဲ့ ပါဝါတွေ ရှိချင် ရှိနေဦးမှာ...။

* * *



mgyoe.com

mgyoe.com SAMPLE BOOK

။ ၄ ။

'လူတွေဟာ မွေးလာတော့လည်း တယောက်တည်း...။ သေသွားတော့လည်း တယောက်တည်း...။ ဘာအားငယ်စရာ ရှိလဲ'

လို့ တယောက်တည်း ဖြစ်နေတဲ့ အချိန်မှာ အားတင်းတတ်ကြတယ်နော်...။ ကျွန်မကိုယ်ကျွန်မ အားပေးတဲ့နည်းကတော့ အဲဒီလို မဟုတ်ပြန်ပါဘူး...။

'လူ့ဘဝထဲကို တယောက်တည်း ရောက်လာခဲ့ရပေမဲ့ လူ့ရယ်လို့ ဖြစ်လာပြီဆိုရင် ဘေးမှာ အဖော်တွေ အများကြီးပါပဲ...။ ဘယ်လောက်ပဲ တယောက်တည်း ဖြစ်နေနေ အဲဒါဟာ ဘယ်သောအခါမှ အထီးကျန် မဟုတ်နိုင်ပါဘူး' လို့။ ကျွန်မ ဒီလိုပဲ အမြဲ တွေးမိခဲ့ပါတယ်။

ကြည့်စမ်း...။ ကျွန်မရဲ့ အိပ်ရာဘေးက ကစားပွဲကလေးပေါ်မှာ ဓာတ်ပုံပေါင်လေးနဲ့ ထောင်ထားတဲ့ ဓာတ်ပုံကလေး တပုံက ကျွန်မကို အမြဲတမ်း ထောက်ခံပြုံးတွေနဲ့ အားပေးနေသေးတယ်။

'ဘယ့်နှယ့်လဲ... တသက်လုံး ဒီလိုပဲ အားပေးနေမှာလား'

ကျွန်မက အဲဒီလို စိတ်နဲ့ မေးတာ။ သူကတော့ အပြုံးမပျက်...။ ကျွန်မ


mgyoe.com

mgyoe.com

ဓာတ်ပုံကလေးကို ဆွဲယူလိုက်ပါတယ်။ အိတ်ကို စားပွဲပေါ်တင်…။ အကျီ၊ လုံချည် တောင် မလဲနိုင်အားပါဘူး။ အိပ်ရာပေါ်ကို ပစ်လှဲချလိုက်ပြီး ထုံးစံအတိုင်းပေါ့…။

'ထိုက်… ထိုက်ရယ်'

ဒီအချိန်မှာတော့ ကျွန်မ ရူးသွပ်နေပါပြီ။ ချစ်ခြင်းနဲ့ ယစ်မူးနေပါပြီ။ ချစ်သူ ရှိတဲ့ မိန်းကလေးတိုင်း ဒီလိုပဲ ဖြစ်မယ် ထင်ပါရဲ့။ ဝမ်းသာပျော်ရွှင်စရာနဲ့ပဲ ကြုံခဲ့ကြုံခဲ့၊ ဝမ်းနည်းအားငယ်စရာနဲ့ပဲ ကြုံခဲ့ကြုံခဲ့ ဓာတ်ပုံကလေးကို ကြည့်ပြီး တိုင်တည်ရတာ အမောပဲလေ…။ သူများတွေတော့ မသိပါဘူး။ ကျွန်မက တမျိုးပါ။ သူ့ရှေ့မှာ စကား သိပ်နည်းနေတတ်ပြီး သူ့ကွယ်ရာ သူ့ဓာတ်ပုံရှေ့မှာတော့ သူ့ကို တစိမ့်စိမ့် ကြည့်ပြီး စိတ်ထဲမှာ ရှိသမျှ သွန်ချပြောပြမိပါတယ်။

"ထိုက်ရေ သတ္တိ တကယ်ရှိရဲ့လား။ ခု မိုးသည်းနဲ့ လက်တွဲဖို့လေ…။ ဘယ် သူ ဖျက်ဖျက် မပျက်စေရပါဘူးလို့ ခဏခဏ ပြောတာ တကယ်ပဲလား ဟင်။ ဟိုတုန်း က ပြောခဲ့တာတွေဟာ စိတ်ကူးယဉ်ဖို့ အချိန်တွေ ရှိသေးတယ် ထိုက်ရဲ့။ ခု မိုးသည်း တို့ လက်တွေ့ကျကျ ရင်ဆိုင်ရတော့မှာ။ တကယ်လို့များ ကြီးမေတို့က တခုခု ပြော လာခဲ့ရင် ထိုက် ဘယ်လို ဆုံးဖြတ်မှာလဲ"

ကျွန်မက အဲဒီလို မေးလည်း သူက ပြုံးပြီး ငြိမ်နေတာပဲ။ ကျွန်မကလည်း ဓာတ်ပုံကိုသာ မေးရဲတာကိုး…။ တကယ့်လူကို မေးရဲလို့ကတော့ သူ့ကားပေါ်က ဘယ်ဆင်းခဲ့မှာလဲ။

'တနေရာရာ သွားဦးမလား' လို့ မေးကတည်းက 'သွားလေ' လို့ ပြောရုံပါပဲ။ ပြီး ကိုယ် သိချင်တာတွေ မေးရုံပေါ့နော်။။ အဲဒီလို မမေးဖြစ်ခဲ့တဲ့အတွက် ကျွန်မ မချင့်မရဲတော့ မဖြစ်ပါဘူးလေ…။ မမေးလိုက်ရ ကောင်းလားလို့လည်း ကိုယ့်ကိုယ် ကိုယ် အပြစ်မတင်မိပါဘူး။ စိတ်ထဲမှာပဲ အင်အားမွေးချင်တယ်။ သူ့ကို ကျွန်မက တတွတ်တွတ် မေးခွန်းတွေ မေး၊ အသနားတွေ ခံ၊ အမျိုးမျိုး ဆွဲဆောင်ပြီးမှ သတ္တိရှိ အောင် လှုံ့ဆော်ပေးဖို့ လုံးဝ စိတ်မဝင်စားခဲ့လို့ပါ။ သူ့မှာ စိတ်တိုင်းကျ ဆုံးဖြတ်ခွင့် ရှိတယ်၊ သူ့ရဲဘောကြောင်ခွင့် ရှိတယ်၊ နောက်ဆုတ်ခွင့် ရှိတယ်။ နောက်ဆုံး ကျွန်မ ကို စွန့်နိုင်ခွင့် ရှိပါတယ်။

ကျွန်မတို့ တွေ့ကြုံရသမျှတွေဟာ ကံကြမ္မာရဲ့ အလိုတော်ကျ ဆုံးဖြတ်ချက် တွေပဲ မဟုတ်လား။ အဲဒီကံကြမ္မာ ဆိုတာကြီးကလည်း ဘယ်သူမှ စောဒကတက်ခွင့် မရှိအောင် ဟန့်တားနိုင်စွမ်းတဲ့ ပါဝါတွေ ရှိချင် ရှိနေဦးမှာ။ ကျွန်မ ဘာများ တတ်နိုင် မှာလဲလေ။ ဒါပေမဲ့လည်း တခါတခါမှာတော့ သူ ပိတ်ပင်ထားတဲ့ အဟန့်အတား


mgyoe.com

mgyoe.com

တွေကို ကြိုးစားပမ်းစား ကျော်လွှားကာ စောင့်ကြည့်မယ့် သဘောလည်း ရှိပုံရပါတယ်။ ဒါကြောင့်လည်း ကျွန်မအတွက် ကြည်နူးကျေနပ်နိုင်ဖို့၊ ပျော်ရွှင်ကြည်မွေ့နိုင်ဖို့၊ အားကိုးအားထား ပြုနိုင်ဖို့၊ တိုင်ပင်ညှိနှိုင်းဖို့ အစီအစဉ်လေးတွေကို ဖန်တီးပေးခဲ့တာ ထင်ပါရဲ့။ ဘယ်လိုလဲ ကံကြမ္မာရယ်...။ 'ရော့... ရော့' လို့ ပေးပြီး 'ပေး... ပေး' လို့ ပြန်တောင်းတာကတော့ တရားသဖြင့် လုပ်ရပ်တခု ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူးနော်...။ ဒါပေမဲ့လည်း သူရဲ့ အဲဒီ အရုပ်ဆိုးဆိုး အစီအစဉ်ကြီးထဲက ကျွန်မတို့တွေဟာ ရုန်းမှ မထွက်နိုင်ကြပေပဲ...။

စဉ်းစားကြည့်တာပေါ့နော်...။ သိပ်ပြီး ချစ်ကြတဲ့သူ အချင်းချင်း တယောက်က တယောက်ကို စွန့်ခဲ့ဖို့၊ ချန်ရက်ခဲ့ဖို့၊ ပစ်ထားရဲဖို့ ဆိုတာ သိပ်ကို လုံလောက်တဲ့ အကြောင်းရှိမှ ဖြစ်မှာပါ။ ဘယ်သူက ဘယ်သူ့ကို တမင်သက်သက် ခွဲချင်ပါ့မလဲ...။ အဲဒီ လုံလောက်တဲ့ အကြောင်းအရာ ဆိုတာကလည်း ချစ်တဲ့သူနှစ်ယောက်ရဲ့ သံယောဇဉ်ထက်ကို ပိုပြီး အင်အားကြီးရလိမ့်မယ်။

ဒါဆိုရင်တော့ အရှုံးနဲ့ ရင်ဆိုင်ရမှာပေါ့လေ...။ ရှုံးချင်တိုင်း ရှုံးတဲ့ အရှုံးကို ကျွန်မကတော့ လက်ခံနိုင်မှာတဲ့လား။


အရှုံးတကာ့ အရှုံးထဲမှာ ချစ်သူပေါ်မှာ ရှုံးရတဲ့ အရှုံးဟာ အကြီးမားဆုံး အရှုံးကြီးလို့ ချစ်တတ်တဲ့သူတိုင်း ခံစားနားလည်ကြမယ်လို့ ထင်ပါတယ်။ သူများတွေရဲ့ အတိုင်းအတာတော့ ဘယ်လို ရှိမလဲ မသိပါဘူး။ ကျွန်မ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းထဲမှာ ချစ်သူကို ပေးလိုက်ရမယ့် အရှုံးကိစ္စလည်း ပါတယ်။ တရားသဖြင့် ဂုဏ်ရှိရှိ ရှုံးရမယ် ဆိုရင် ကျွန်မဘက်က အချိန်မရွေး လျှော့ပေးဖို့ ဝန်မလေးဘူး ဆိုတဲ့ သဘောထားပါပဲ။ အဲဒီလိုအခါမျိုးမှာ ကျွန်မ ရှုံးရဲတယ်။ ဒါပေမဲ့ အဲဒီအရှုံးကို ကျွန်မ ခုချိန်အထိ ရင်မဆိုင်ခဲ့ရသေးပါဘူး။

'ထိုက်' ဆိုတဲ့ လူဟာ ကျွန်မကို အရှုံးနဲ့ ချန်ပစ်ခဲ့မယ့်သူ လုံးဝ မဟုတ်နိုင်ပါဘူးလေ...။

* * *


mgyoe.com

mgyoe.com SAMPLE BOOK



တလေး နီတာရဲလေးကို
လမ်းဘေးက မြေကြီးပေါ်မှာ တွေ့ကြတော့
တရားရှုနေကြတဲ့ သူတော်စင် သီလရှင်ကြီးတွေရဲ့
ပရဟိတ မိဘမဲ့သမီးလေးများကျောင်းကို ပို့ကြတာပေါ့လေ။
သူတော်စင် မိခင်များနဲ့ အလှူရှင်များရဲ့ မေတ္တာကို အာဟာရပြုပြီး...။

* * *



mgyoe.com

mgyoe.com SAMPLE BOOK

။ ၅ ။

အတွေးစဉ်တန်း ရှည်ရှည်လျားလျားနဲ့ ညအချိန် အတော်များများကို ဖြုန်းတီးပစ်ခဲ့မိပေမဲ့ နံနက်ခင်း အရုဏ်ဦးကို ကြိုဆိုရသူကလည်း ကျွန်မပဲ ဖြစ်ပါတယ်။ ကျွန်မရဲ့ စိတ်တွေ သိပ်ကို စောနေခဲ့ပါတယ်။ မိုးမြန်မြန် လင်း၊ ကိုးနာရီ မြန်မြန် ထိုး၊ ဒါမှမဟုတ် ကိုးနာရီ မထိုးခင်မှာ ထိုက်တယောက် ကျွန်မဆီကို ရောက်လာခဲ့ဖို့ပေါ့...။ ဒါပေမဲ့ ထုံးစံအတိုင်းပဲ မျှော်လင့်တဲ့အတိုင်း ဖြစ်မလာခဲ့ပြန်ပါဘူး။ ရုံးချိန် မတိုင်မီဘဲ အောက်ထပ်ကို ကျွန်မ ရောက်နေခဲ့ပါတယ်။ စားပွဲမှာ ထိုင်နေပေမဲ့ စိတ်က လူနဲ့အတူ မရှိပါဘူး။ ဆိုင်ကယ်သံ၊ ဒါမှမဟုတ် ကားသံ တခုခုကို မျှော်လင့်နေတာပါ။ ခဏနေတော့ ဆိုင်ကယ်သံ ကြားတယ်။ သူပဲ နေမှာလို့ အတပ်တွေးပြီး မျက်လွှာချ၊ မဂ္ဂဇင်းတအုပ်ကို ဖတ်ချင်ယောင်ဆောင်၊ ခြေသံသဲ့သဲ့ ကြားပေမဲ့ မော့မကြည့်...။

"စောလှချေလား"

ဆိုတဲ့ မိန်းမသံ ထွက်လာမှ လန့်လန့်ဖျတ်ဖျတ် မော့ကြည့်တော့ ကျွန်မရဲ့ သူငယ်ချင်း စိုးစိုး။


mgyoe.com

mgyoe.com SAMPLE BOOK

စိုးစိုးက ကျွန်မတို့ မိနီမတ်ကတ်မှာ ဖက်စပ်ရှယ်ယာနဲ့ ကောင်တာတခု လာဖွင့်နေတဲ့အတွက် ကျွန်မနဲ့ရော ထိုက်နဲ့ပါ ခင်မင်ရင်းနှီးတဲ့သူ ဖြစ်ပါတယ်။ စိုးစိုးနဲ့ ကျွန်မက သချိုာအဓိက ဘာသာချင်း တူပြီး စိတ်ချင်းလည်း နီးစပ်ပါတယ်။ စိုးစိုးတို့က ရွှေပန်းထိမ်ရှိတယ်လေ။ ကျွန်မတို့ မိနီမတ်ကတ်က မမကြီးနဲ့ စိုးစိုးတို့ မိသားစုနဲ့က ဆွေလိုမျိုးလို ခင်မင်ကြသူတွေ။ အရာရာမှာ တီထွင်ဆန်းသစ်မှုကို ခုံမင်လှတဲ့ မမကြီးရဲ့ အစီအစဉ်အတိုင်း စိုးစိုးတို့ ပန်းထိမ်က လှပတဲ့ ရွှေလက်ရာအစစ် စိန်ထည်၊ ကျောက်ထည်၊ ရွှေထည်တွေကို မိနီမတ်ကတ်မှာ ကောင်တာတခု ဖွင့်ထားပါတယ်။ စိုးစိုးက သူ့ရဲ့ ရွှေလက်ရာ ကောင်တာမှာ လာထိုင်တော့ ကျွန်မတို့ တိုင်တိုင်ပင်ပင်နဲ့ လုပ်ငန်းတွေ အများကြီး လုပ်ဖြစ်ခဲ့ကြသလို ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာလည်း စိုးစိုးဆီက အကြံဉာဏ်တွေ ယူခဲ့ဖူးတယ်။ ဒီမနက်အတွက် ပထမဆုံး တွေ့ရသူဟာ ထိုက် မဟုတ်ပေမဲ့ စိုးစိုး ဖြစ်နေတဲ့အတွက် ကျွန်မ ဖြေသာပါတယ်။

"မိုးသည်း ငါ ကိုထိုက်အောင်နဲ့ တွေ့ခဲ့တယ်။ သူ ဒီမနက်ပဲ ခရီး ထွက်ရမယ်တဲ့။ အဲဒါ နင့်ကို ပြောလိုက်ပါလို့ မှာလိုက်တယ်"

"ဟင် ဟုတ်လား။ ဘယ်သွားမှာတဲ့လဲ"

"အဲဒါတော့ ပြောမသွားဘူးဟ။ တခါတည်း ထွက်တာ ထင်တယ်။ ကားပေါ်မှာ ပစ္စည်းတော်တော်များများလည်း ပါတယ်။ ရှေ့ခန်းမှာ သူ့ကြီးမေလည်း ပါတော့ ငါလည်း သိပ်မမေးချင်တာနဲ့ နင့်ကို ဟိုနေ့က ဘာပြောသွားလဲ"

ကျွန်မက စိုးစိုးကို အဖြစ်အပျက်တွေ ပြန်ပြောပြလိုက်ပါတယ်။ စိုးစိုးက သက်ပြင်းချတယ်။

"သူ့အမေက နင့်ကို ချစ်သားပဲဟာ...။ သူ ဘယ်သွားလဲ သိချင်ရင် ခဏနေတော့ အန်တီဆီ ငါ ဖုန်းဆက်ပေးမယ်လေ"

"နေပါစေတော့ဟာ"

ကျွန်မက စိုးစိုးရဲ့ အကြံဉာဏ်ကို ငြင်းလိုက်ပြီး စိတ်ကိုလည်း ဖြေလျှော့လိုက်ပါတယ်။ ဘာတွေ ဖြစ်လာဦးမလဲ မသိနိုင်သေးပေမဲ့ ဒါလောက်ကြီးအထိ မြန်ဆန်တဲ့ ခရီးထွက်စရာ ထိုက်မှာ ရှိမနေတာလည်း ကျွန်မ သိသိကြီးပါ။ အတူသွားတဲ့သူက ကြီးမေ ဆိုတော့ ဒီကနေ့ ကျွန်မအတွက် ရက်ရာဇာ ဖြစ်မလာနိုင်ပါဘူး။

တကယ်တော့ 'ကြီးမေ' ဆိုတဲ့ ဂုဏ်သရေရှိ အမျိုးသမီးကြီး တယောက်ကို သိကျွမ်းခဲ့ရတာ ဆယ်စုနှစ် တစုမှ မကတော့ဘဲ။ အတိအကျ ပြောမယ် ဆိုရင် ကျွန်မ ချစ်သူ ထိုက်နဲ့ ထိုက်ရဲ့ မေမေ။ ကျွန်မရဲ့ ချစ်သူငယ်ချင်း စိုးစိုး။ ကျွန်မ အစ်မကြီး


mgyoe.com

mgyoe.com SAMPLE BOOK

တယောက်လို ချစ်ခင်အားကိုးရတဲ့ ဆိုင်ရှင် မမကြီးတို့ထက် နှစ်ပေါင်းများစွာ စောပြီး သိခဲ့တာပါ။ အဲဒီအချိန်တုန်းက ကြီးမေဟာ ကျွန်မကို လိုက်လိုက်လဲလဲ ချီးကျူးခဲ့ဖူး ပါတယ်။ ဆုတွေလည်း အများကြီး ချခဲ့ဖူးတယ်။ ကျွန်မရဲ့ အမြင်မှာ ကြီးမေဟာ သိပ် ကို စိတ်ကောင်း စေတနာကောင်း ရှိတဲ့ ဂုဏ်ရှိအမျိုးသမီးကြီး တယောက်ပေါ့။ သွက် လက်ထက်မြက်တဲ့ အမူအရာတွေကို အားကျခဲ့ဖူးပါတယ်။ သိမ်မွေ့ယဉ်ကျေးပျူငှာ တဲ့ လေယူလေသိမ်း အပြောအဆိုတွေကို အတုယူခဲ့ဖူးပါတယ်။ ကျွန်မလေ ကြီးမေ လို အမျိုးသမီးကြီးရဲ့ သမီးတယောက် ဖြစ်ခွင့်ရခဲ့ရင် သိပ်ကောင်းမှာပဲလို့ တောင့်တမိ ခဲ့ဖူးပါရဲ့။

ထမင်းစားခန်းကျယ်ကြီးထဲမှာပေါ့...။ စားပွဲ၊ ကုလားထိုင်တွေ စီစီညီညီ ချပြီး ဟင်းနဲ့ ထမင်းကို သူ့အကန့်နဲ့သူ ထည့်လို့ရတဲ့ ပုံစံသတ္တုထမင်းပန်းကန်တွေထဲ မှာ ထည့်ထားတယ်။ အဲဒီပုံစံပန်းကန်ထဲမှာ ပဲဟင်းချိုနဲ့ သရက်ချဉ်သုပ်...။ တခါတလေ ကြက်သား၊ ဝက်သား၊ ဒန်ပေါက်၊ ခေါက်ဆွဲကြော်...။ အဲဒီ ထမင်းပန်းကန်လေးတွေ ကို မျက်လွှာချ စိုက်ကြည့်နေရင်း...။

"အရပ် ဆယ်မျက်နှာနေ အားလုံးသော အလှူရှင်တွေ ဘေးရန်ကင်းပါ စေ...။ စိတ်ဆင်းရဲ ကင်းပါစေ...။ ကိုယ်ဆင်းရဲ ကင်းကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေ...။ အစစအရာရာ အဆင်ပြေကြပါစေ...။ မိမိကိုယ်ကို ကောင်း စွာ ဆောင်ရွက်နိုင်ကြပါစေ" လို့ ဆုတောင်းမေတ္တာ ပို့ကြရပါတယ်။

ကျွန်မက ဆုတောင်းမေတ္တာ ပို့ပြီး ကြီးမေတို့လို စေတနာရှင်တွေရဲ့ မေတ္တာ ရိပ်ကို ခံယူတဲ့သူ။ ကြီးမေကတော့ ကျွန်မတို့ရဲ့ ဆုတောင်းမေတ္တာ ပို့သံတွေကြားမှာ စိန်နားကပ် တဖျတ်ဖျတ်လက်၊ မျက်နှာမှာ ဝင်းပတဲ့ အပြုံးများကို ဆင်သပြီး လပြည့် နေ့တိုင်း နံနက်စာ တနပ်ကို ဝတ္တရားမပျက် အစဉ်ထာဝရ ကျွေးမွေးဒါနပြုခဲ့တဲ့သူပါ။

တနေ့နေ့တချိန်ချိန်မှာ ဒီလိုအဖြစ်အပျက်မျိုးတွေနဲ့ ဆုံစည်းလာခဲ့လိမ့်မယ် လို့ ကျွန်မ ဘယ်တုန်းကမှ မတွေးမိခဲ့ပါဘူး။ ကြီးမေကလည်း မထင်ထားခဲ့မိလို့လား၊ ဒါမှမဟုတ်ရင် မေတ္တာရှင်မကြီး တယောက်အဖြစ် ပတ်ဝန်းကျင်ရဲ့ အသိအမှတ်ပြုမှု ကို ခံယူချင်လို့လား မသိပါဘူး။ ကျွန်မရဲ့ လက်ဖျားကလေးတွေကို ဆွဲပြီး-

'ထူးချွန်တဲ့ မိန်းကလေးတွေ ဆိုရင် ကြီးမေက သိပ်ချစ်တာ' လို့ ပြောခဲ့ဖူး တာ ကျွန်မ ခုထိ မှတ်မိပါသေးတယ်။ ကြီးမေကတော့ မမေ့တောင်မှ မေ့ချင်ယောင် ဆောင်တော့မယ် ထင်ပါရဲ့။

"မိုးသည်းရေ...၊ ဒီနေ့ ကုန်အသစ်တွေ ဝင်မယ်။ မမကြီးက ပို့ကုန်ကိစ္စ


mgyoe.com

mgyoe.com SAMPLE BOOK

အတွက် ညှော်သည်တွေဖို့ သွားရမယ်။ ဝင်လာတဲ့ ပစ္စည်းတွေကို တခါတည်း စာရင်းလုပ်၊ ကောင်တာတွေမှာ သေချာစစ်ပြီး သင့်သလို တင်ထားပေးနှင့်ပါ။ ဝင်တဲ့ ပစ္စည်းထဲက တန်ဖိုး နှစ်ရာရှိတဲ့ အမျိုးအစား စာရင်းကို သီးသန့်လုပ်မယ်။ အဲဒီပစ္စည်းကလေးတွေကို တခုချင်း ပက်ကင်ထုပ်ထားပေးပါ။ မနက်ဖြန် ဝန်ထမ်းအားလုံးကို မဲနှိုက်ပြီး လက်ဆောင်ပေးမယ်။ ဒါကတော့ မိုးသည်း လုပ်ရမှာနော်။ လျှို့ဝှက်ထားပါဦး။ ပေးတော့မှ အံ့အားသင့်ပြီး ဝမ်းသာသွားအောင်လို့၊ ရတယ်နော်"

"ဟုတ် မမကြီး ရပါတယ်"

ဒီအချိန်မှာ ကျွန်မကို ကယ်တင်သွားသူကတော့ အလုပ်ပဲ ဖြစ်ပါတယ်။ အလုပ်တွေသာ သိပ်ရှုပ်မနေဘူး ဆိုရင် ထိုက်ကိစ္စနဲ့ ကျွန်မ နွမ်းခွေပြီး အချိန်တွေ အလကား ဖြုန်းတီးရာ ရောက်နေမယ်။ ကောင်တာတခုမှာ အရောင်းကူ နှစ်ယောက်စီ ခေါ်ထုပ်လိုက်ပါတယ်။ အသစ်ဝင်လာတဲ့ ပစ္စည်းထုပ်တွေကို အပေါ်ထပ်မှာ ရှိတဲ့ သိုလှောင်ရုံကို တင်ခဲ့ပြီး ဖွင့်ဖောက် စစ်ရပါတယ်။ စာရင်း အကြမ်းမှတ်။ တက်လာတဲ့ ဝယ်စာရင်းနဲ့ တိုက်စစ်။ ကွန်ပျူတာတင်။ တခါတည်း မှတ်ပုံတင်ထည့်။ ပြီးတော့မှ လိုအပ်တဲ့ ကောင်တာတွေကို ပစ္စည်းဖြည့်...။

"မမမိုးသည်း၊ မမစိုးက မပြီးသေးဘူးလား။ ဆာပြီ။ စားကြစို့တဲ့"

"ဩော် အေး အေး၊ လာခဲ့တော့လို့ ပြောလိုက်နော်"

ကျွန်မနဲ့ စိုးစိုးက မနက်စာ ထမင်းကို ကျွန်မရဲ့ အခန်းလေးထဲမှာပဲ အတူစားလေ့ ရှိပါတယ်။ ကျွန်မတို့ အရောင်းဆိုင်ကြီးမှာ နံနက်စာ စားတဲ့ အဖွဲ့ကို နှစ်ဖွဲ့ခွဲထားပါတယ်။ တဖွဲ့က မနက် ၁၀ နာရီက ၁၁ နာရီအထိ ထမင်းစားခန်းမှာ စားခွင့်၊ နားခွင့် ရှိပြီး နောက်တဖွဲ့ကတော့ နံနက် ၁၂ နာရီက ၁ နာရီအထိပါ။ အားလုံးရဲ့ အလုပ်ချိန်ကတော့ နံနက် ၈ နာရီက ညနေ ၆ နာရီအထိ ဖြစ်ပါတယ်။ ထမင်းစားချိန် တချိန်နဲ့ နေ့လယ်မုန့်စားချိန် တချိန် နားခွင့်ရှိပါတယ်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်ရယ်လို့ မရှိပါဘူး။ တလမှာ ကိုယ်ကြိုက်ရာ နှစ်ရက် နားခွင့်ရှိပါတယ်။ ဆိုင်ရဲ့ အနိမ့်ဆုံးဆင့် လစာက 'ကျပ်နှစ်ထောင်' ပါ။ အဲဒီအထဲမှာ ကျွန်မနဲ့ စိုးစိုးက ကြိုက်တဲ့ အချိန်မှာ ထမင်းစားခွင့် ရှိပြီး တလမှာ လေးရက်လောက်တော့ နားလေ့ ရှိကြပါတယ်။ စိုးစိုးရဲ့ ရတနာကောင်တာကလေး ဖွင့်ဖို့အတွက် မမကြီးက စိတ်ကူးရပြီး စတင်ကမ်းလှမ်းခဲ့တာမို့ စိုးစိုး စိတ်တိုင်းကျ စီစဉ်ခွင့်ရှိပါတယ်။ စိုးစိုးက ကျွန်မတို့ ဆိုင်ရဲ့ ဝန်ထမ်း မဟုတ်ပါဘူး။ ဒါပေမဲ့ စိုးစိုးက ဆိုင်နဲ့ လိုက်လျောညီထွေ ရှိအောင် နေတတ်လှပါတယ်။ ကျွန်မနဲ့ စိုးစိုးက ထမင်းစားရင် အေးအေးဆေးဆေး ကြာကြာစားလေ့


mgyoe.com

ရှိကြတာ။ ဟင်းကြိုက် တူကြတာ၊ နားအေးပါးအေး နေချင်တာတွေ အတူတူပဲမို့ ထမင်းစားရင် ဝန်ထမ်းတွေ စားတဲ့ ထမင်းစားခန်းမှာ စားလေ့ မရှိကြဘဲ အပေါ်ထပ်က ကျွန်မ အခန်းကလေးမှာပဲ စားလေ့ရှိကြပါတယ်။ ဒီကနေ့ ထမင်းစားဖို့အတွက်တော့ ကျွန်မ စိုးစိုးကို မျက်နှာပူရပါပြီ။ ဒီနေ့မနက် ကျွန်မ ထမင်းဟင်း မချက်ဖြစ်ခဲ့ပါဘူး။ သိပ်ရှက်စရာ ကောင်းလှတဲ့ အဖြစ်အပျက်ပဲပေါ့။

ကျွန်မ စိုးစိုး ရောက်မလာခင် လျှပ်စစ်မီးဖိုနဲ့ မြန်မြန်ဆန်ဆန် ရေနွေးတည်ပြီး ရယ်ဒီမိတ် ခေါက်ဆွဲထုပ် နှစ်ထုပ်ကို ဖောက်လိုက်ပါတယ်။ စိုးစိုးက ထမင်းချိုင့် ထည့်ယူလာတဲ့ ဆွဲခြင်းအစိမ်းလေးကို စားပွဲပေါ်မှာ တင်ပြီး အခန်းထဲကို တန်းဝင်သွားတယ်။ ကျွန်မတို့ နှစ်ယောက်က ခဏာကလေးသာ နားရနားရ အဝတ်အစားကို ပေါ့ပေါ့ပါးပါးကလေး လဲဝတ်ချင်တာလည်း တူကြတယ်။ စိုးစိုးက ဘလောက်(စ်) ပွပွနဲ့ ပေါ့ပေါ့ပါးပါး လုံချည်ကလေး လဲထွက်လာရင်း...။

"ဒီနေ့တော့ မိုးသည်း အကြိုက်ဟင်းတွေပဲ။ ပဲသီးသုပ်၊ ပုစွန်ဆိတ်လေးတွေနဲ့ ငါးဖယ်ခြစ်ကို ရောပြီး ချဉ်ငံစပ်ကလေး ချက်၊ အတို့အမြှုပ် စုံလင်တယ်။ အာလူးကြော်တောင် ဝယ်လာခဲ့သေး။ ဒီနေ့မှ ဟင်းကြိုက်လို့လား မသိဘူး၊ စောစောဆာတယ်"

လို့ ပြောပြီး ပန်းကန်တွေ ယူဖို့ ကျွန်မ ရှိတဲ့ နေရာကို ဝင်လာတယ်။

"ဟယ်... ခုမှ ဘာတွေ ချက်နေတာလဲ"

ကျွန်မ စိုးစိုးကို ပြန်ဖြေဖို့ ဝန်လေးလေးနဲ့ပဲ-

"ဒီနေ့ ဘာမှ မချက်ဖြစ်ဘူး စိုးရယ်"

လို့ ဝန်ခံရတယ်။

"ဖြစ်ရလေဟယ်...။ ကဲ... လာပါ လုပ်မနေနဲ့၊ တို့ပါတဲ့ ထမင်းပဲ မျှတ စားတာပေါ့"

"ရပါတယ်ဟာ... ခေါက်ဆွဲလည်း ကျက်ပါပြီ"

"ဟင်.... သူဖြင့် ခေါက်ဆွဲ မကြိုက်ဘဲနဲ့...။ ကဲ... လာလာ မိုးသည်းက ထမင်းစား၊ တို့က ခေါက်ဆွဲစားမယ်"

ကျွန်မတို့နှစ်ယောက် သူစား၊ ကိုယ်စား ငြင်းနေကြရင်း နောက်ဆုံးတော့ စိုးရဲ့ ထမင်းဟင်းကို အရင်စားပြီး ခေါက်ဆွဲကို နောက်မှ စားဖြစ်ကြပါတယ်။

"ငါ့သူငယ်ချင်း ဒီနေ့ တော်တော်ကြွေနေရှာတာကိုး။ စိတ်လျှော့ပါဟာ။ ဘာမှ အရေးတကြီး ဖြစ်စရာရှိမှာ မဟုတ်သေးပါဘူး"



mgyoe.com

mgyoe.com SAMPLE BOOK

လို့ စိုးက ကျွန်မကို ပြောနေတယ်။ ကျွန်မကို နားလည်ဆုံးက စိုး ဖြစ်ပြီး ကျွန်မ မရှက်မကြောက် ရင်ဖွင့်နိုင်သူကလည်း စိုးပဲ ဖြစ်ပါတယ်။

"ကြီးကြီးကျယ်ကျယ် ပြောရရင် ချစ်သူတယောက် ဆုံးရှုံးရမှာထက် ငါ့ ရည်မှန်းချက် ဆုံးရှုံးရမှာရယ်၊ နောက်ပြီး ငါတို့ဘဝတွေရဲ့ အစဉ်အလာထဲက ထိုး ဖောက်ခွင့် မရမှာကို ပိုပြီး စိုးပါတယ်။ ငါ့မှာ နိဂုံးမလှလို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး စိုး။ ဒါပေမဲ့ ကိုယ့်အတွက် သူများတွေဘက်က စိတ်ဆင်းရဲရမှာကိုလည်း မဖြစ်စေချင်ပါ ဘူး။ ဘာပဲဖြစ်ဖြစ် ငါလေ... အရာရာကို ခံနိုင်ရည် ရှိချင်တယ်"

စိုးက ငိုင်ပြီး ငြိမ်နေတယ်။ ကျွန်မရဲ့ အကြောင်းကိစ္စ အားလုံးကို ကျွန်မ နည်းပါး သိထားတဲ့သူ ဆိုတော့ စိုးမှာလည်း ကျွန်မကို ဖြေသိမ့်စရာစကား သိပ်မရှိ ရှာပါဘူး။

"ဘာပဲဖြစ်ဖြစ် နင် ကိုထိုက်အောင်ရဲ့ မေမေနဲ့တော့ တွေ့သင့်တယ် ထင် တာပဲ"

"အေး... ဒါပေမဲ့ မေမေ့ဘက်က ငါ့ကို စပြီး မဆက်သွယ်မချင်း ငါ့ဘက်က တော့ ဘာမှ စ မမေးချင်ဘူး"

"အဲဒါလဲ ဟုတ်တယ်။ ဒါပေမဲ့ နင့်ကြည့်ရတာ သိပ်ကို နွမ်းနေတယ်။ ဘာပဲ ဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် ညှင်းဆဲသလိုတော့ မဖြစ်စေနဲ့ဟာ။ လုပ်စရာ အလုပ်တွေက အများကြီး ရှိသေးတယ်"

"အေးပါ၊ အချစ်အတွက်နဲ့ ဘဝပျက်ရလောက်အောင် ငါ မပျော့ညံ့ပါဘူး။ နောက်ပြီး ငါ ဘယ်သူ့ကိုမှ မတရား မလုပ်ဘူး။ ငါ့ကို မတရား လုပ်လာခဲ့မယ် ဆိုရင် လည်း ငါ့ရဲ့ သံယောဇဉ်ကြိုးဟာ အမြဲတမ်း ဒဏ်ခံကြိုးအသွင်နဲ့ ရှိနေစေရမယ်။ ငါ့အတွက် ထိခိုက်စရာ ဖြစ်လာမယ် ဆိုရင် သံယောဇဉ်တွေဟာ အလိုလို ပြတ် တောက် သွားရမှာပေ့ါ။ လူတွေအတွက် အရေးကြီးဆုံး အရာဟာ ဒါပဲ ဖြစ်မှာပါ စိုး ရယ်။ သံယောဇဉ် ပြတ်နိုင်ပြီ ဆိုရင် အနာတရတွေဟာ မှုစရာလိုမယ် မထင်ပါဘူး"

"မသိဘူးဟာ။ ငါ နင့်လောက် အဲဒါတွေ နားမလည်ဘူး။ အဟီး... ထိုက်က ထိုက်၊ ဗိုက်က ဗိုက်မို့ ထင်ပါရဲ့။ ငါတို့ ဒီနေ့ စားလို့သောက်လို့ ကောင်းတယ်နော်။ ခေါက်ဆွဲ နှစ်ထုပ်ရော ထမင်းချိုင့်ရော ပြောင်သွားတာပဲ"

စိုးစိုးက သူ့ဟာသစာတိခံလေးနဲ့ ပွဲသိမ်းတယ်။ မျက်ခုံး စိမ်းမှောင်မှောင် မျက်လုံး တောက်တောက်လေးနဲ့ ရိုးသားဖြူစင်ဆုံး သူငယ်ချင်းကလေးကို ကြည့်ပြီး ကျွန်မစိတ်ထဲမှာလည်း လန်းဆန်းလာတယ်။ တကယ်တော့ စိုးရဲ့ ဘဝဟာ အရာရာ


mgyoe.com

mgyoe.com SAMPLE BOOK
ပြည့်စုံတယ်လို့ ဆိုရမှာပါပဲ။ မိဘနှစ်ပါး ရှိတယ်။ ကြွယ်ဝ ချမ်းသာတယ်။ မောင်နှမ အများကြီး ရှိတယ်။ ပညာတတ်တယ်။ လိမ္မာရေးခြား ရှိတယ်။ စိုးရဲ့ ဘဝဟာ သိပ်ကို ရိုးသားသန့်စင်ပြီး အပြစ်ကင်းနေတယ်။ ပကတိ ကလေးတယောက်လိုပဲ...။ ကျွန်မ ဘဝမှာ အလှ္ဘာပေါင်းစုံက မိန်းကလေး တော်တော်များများနဲ့ တွေ့ခဲ့ဆုံခဲ့ဖူးပါတယ်။ အရည်အချင်းလည်း အမျိုးမျိုး ရှိကြတာပေါ့။ ဒါပေမဲ့ မိန်းကလေးတယောက်ရဲ့ သန့်စင်မှုဆိုတာ အရာအားလုံးရဲ့ ရှေ့ဆုံးမှာ ရှိတဲ့ အရည်အချင်းတခုလို့ ကျွန်မ ယူဆမိပါတယ်။

ထူးချွန်ထက်မြက်မှု၊ ကြိုးစားမှု၊ သတ္တိရှိမှု၊ ရင်ဆိုင်နိုင်စွမ်း။ အဲဒါတွေ အဲဒါ တွေဟာ တယောက်မဟုတ် တယောက်မှာ ရှိတတ်ကြတဲ့ အရည်အချင်းတွေပါ။ ဒါ ပေမဲ့ အဲဒီလို အကောင်းတွေထဲမှာ အနည်းအပါး ရောယှက်နိုင်တာက အနိုင်ရလိုမှု၊ မနာလိုစိတ်၊ အပြိုင်အဆိုင်စိတ်၊ ကြွားဝါချင်တာတွေ၊ ပေါ်ပြူလာ ဖြစ်ချင်တာတွေ။ အဲဒီလို အညစ်အကြေးတွေကလည်း သေးသေးမွှားမွှား ပမာဏကလေးဖြစ်ဖြစ် ရောချင်တတ်ကြတဲ့ မိန်းကလေးတွေက တော်တော်များတယ်။ ကောင်းတာ အများ ကြီးထဲမှာ မကောင်းတာ နည်းနည်းလေး ရောကြည့်ပါလား။ ဘယ်တော့မှ စင်းလုံး ချော အလှကို မရနိုင်ဘူး။ ကျွန်မကိုယ်ကျွန်မ ဘယ်လို မိန်းမလဲ ဆိုတာ တိကျတဲ့ အဖြေတော့ ကျွန်မကိုယ်တိုင် မထုတ်နိုင်သေးပါဘူး။ ပြောရဲတာ တခုတော့ ရှိတယ်။ ကျွန်မ ဘယ်လောက်ပဲ တော်တော် စိုးစိုးလောက်တော့ သန့်စင်မှုရာနှုန်း အပြည့်အဝ မရှိနိုင်ဘူး ဆိုတာပါပဲ...။

ကိုယ့်ကိုယ်ကိုယ် ဆိုတော့ အနည်းငယ် မျက်နှာလိုက်ပြီး ဖော့တွေးပါရစေ။ ကျွန်မ စိုးကို အားကျပေမဲ့ စိုးလောက် သန့်စင်အောင် မနေနိုင်ခဲ့ခြင်းဟာ စိုးရဲ့ ဘဝ အစနဲ့ ကျွန်မရဲ့ ဘဝအစ မတူခဲ့ကြလို့ပါပဲ...။ ဒါပေမဲ့ ကျွန်မအတွက် စိုး ရှိနေတာဟာ ကံကြမ္မာက ပေးတဲ့ လက်ဆောင်လှလှကလေး တခုပါ။

"မိုးသည်း... ငါ လက်ဖက်ရည် သောက်ချင်သေးတယ်ဟ"

ဒီလို ကိစ္စမျိုးမှာတော့ ကျွန်မက စိုးကို ပြန်ပြီး အလိုက်သိရပါတယ်။ စိုးက လက်ဖက်ရည်ဆိုင် တခါမှ မထိုင်ဖူးတဲ့ လက်ဖက်ရည်ချိုးကလေးပါ။ သူတို့အိမ်မှာ တော့ နံနက်စာကို အိမ်မှာပဲ ဖျော်သောက်ကြတယ်လို့ ပြောပါတယ်။ စိုးတို့ အိမ်မှာက ပန်းထိမ်လုပ်သားလေးတွေ များတော့ နေ့လယ်ခင်းဆို တယောက်မဟုတ် တယောက် ဝယ်ပေးကြတယ်တဲ့။ ကျွန်မတို့ ဆိုင်ကို စိုး ရောက်လာတဲ့အခါ ကျွန်မက အလုပ် သမားလေး တယောက်ကို အမြဲ ခိုင်းပေးရလေ့ ရှိပါတယ်။ စိုးက 'ပုံမှန်' သောက်နေ


mgyoe.com

mgyoe.com
SAMPLE BOOK

ကျပါ။

"ဆိုင်ဖျော်က သိပ်ကောင်းတာပဲ့။ အိမ်မှာ ဘယ်လောက်ကောင်းတဲ့ အမျိုးအစားနဲ့ ဖျော်ဖျော် ဆိုင်က ဖျော်တာလောက် အချိုးကို မကျဘူး" လို့ ခဏခဏ ပြောတတ်ပေမဲ့ ကျွန်မနဲ့ စိုးက လက်ဖက်ရည်ဆိုင် ထိုင်ကျင့် မရှိခဲ့ကြပါဘူး။ ထိုင်ဖို့ အချိန် မရှိတာရော၊ မထိုင်ရဲကြတာရော တူကြတယ်။ လက်ဖက်ရည်ဆိုင် ထိုင်တဲ့ မိန်းကလေးတွေကို မကဲ့ရဲ့ အတင်း မပြောဖြစ်ကြပေမဲ့ ကိုယ်တိုင်ကတော့ ထိုင်ချင်တဲ့စိတ် သိပ်မရှိကြတာပါ။ ကျွန်မက စိုးအတွက် နေ့တိုင်း နေ့လယ်စာ လက်ဖက်ရည်ကို ဆိုင်က ကလေးတယောက်နဲ့ စီစဉ်ပေးနေကျ။ ကျွန်မကတော့ လက်ဖက်ရည် လုံးဝ မကြိုက်ပါဘူး။ ကော်ဖီ ကြိုက်ကြတာချင်းကတော့ ထိုက်နဲ့ တူပါတယ်။ ထိုက်နဲ့ ကျွန်မက နို့မပါတဲ့ ကော်ဖီဖြစ်ဖြစ်၊ သကြားပေါ့ပေါ့ ကော်ဖီဖြစ်ဖြစ် ကြိုက်ကြပါတယ်။

"ကဲ… ကျွန်ုပ်ကတော့ ခုမှပဲ ချင်ခြင်းပြေတော့တယ်။ ကောင်တာဆီကို သွားလို့ ရပြီ။ လူကြီးမင်း ဘာလုပ်မလဲ။ လိုက်မှာလား။ လွမ်းကျန်ခဲ့မှာလား"

လို့ စိုးစိုးက ကျွန်မကို စတယ်။

"မလိုက်တော့ဘူး။ မမကြီးက ပစ္စည်းလေးတွေကို ပက်ကင်ထုပ်ဖို့ မှာထားခဲ့တယ်။ နက်ဖြန် လပတ်လည် အစည်းအဝေးမှာ ဝန်ထမ်းတွေကို လက်ဆောင် ပေးမယ်တဲ့။ လှိုဂွက်ပေါ့။ အဲဒါ တို့ လုပ်လိုက်ဦးမယ်။ အောက်ထပ်မှာလည်း ဒီနေ့ လုပ်စရာ သိပ်မရှိပါဘူး"

စိုးက 'ငိုမနေနဲ့နော်' လို့ ပြောပြီး ပြန်ဆင်းသွားပါတယ်။ ကျွန်မ ငိုတဲ့ အလုပ်က လွှဲပြီး တခြား အရေးကြီးတဲ့ အလုပ်တွေကို ဦးစားပေးပြီး လုပ်ဖို့ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း သတိပေးနေတဲ့သူပါ။ ခုလည်း မမကြီး ခိုင်းတဲ့ အလုပ်တွေကို သေသေသပ်သပ်နဲ့ လှလှပပ လုပ်ဖို့ပဲ စိတ်ကို အားဖြည့်ထားပါတယ်။ ဒီနေ့ ရောက်လာတဲ့ ပစ္စည်းစာရင်းတွေထဲက နှစ်ရာပတ်ဝန်းကျင် သင့်တော်မယ့် ပစ္စည်းကလေးများကို ရှာဖွေပါတယ်။ ဆိုင်မှာ ရှိတဲ့ လူဦးရေစာရင်း ယူပါတယ်။ ပြီးတော့ ကတ်ကြေး၊ ပက်ကင်စာရွက်၊ ကော်ထုပ်၊ ဆယ်လိုတိပ် အားလုံး ယူပြီး စိတ်ကို အလုပ်ထဲမှာပဲ မြှုပ်နှံလိုက်ပါတယ်။

ကျွန်မရဲ့ ခရီးလမ်းကို ကျွန်မ ကောင်းကောင်း သိပါတယ်။ ပြေချော နူးညံ့ပြီး ချစ်ပန်းရနံ့တွေနဲ့ ထုံမွှမ်းနေတဲ့ လမ်းကတော့ ဘယ်နည်းနဲ့မှ ဖြစ်လိမ့်မယ် မဟုတ်ဘူးလို့လည်း နားလည်ထားခဲ့ပြီးသားပါ။ ဒါကြောင့်လည်း မိဖုရားတပါး ဖြစ်မယ့် ကေရီလို့လည်း ကျွန်မကိုယ် ကျွန်မ မသတ်မှတ်ခဲ့တာပေါ့။ နောက်ပြီ ကျွန်မရဲ့


mgyoe.com

သက်ဦးဆံဦးကိုလည်း တယောက်ယောက်ကို ပိုင်စိုးခွင့် ပေးဖို့ကိစ္စ။ ဟိုတချိန်ကဆို ရင် စိတ်ကူးတောင် မယဉ်ခဲ့ဖူးတဲ့ အကြောင်းအရာများပါပဲ။ ကျွန်မရဲ့ စိတ်က တမျိုး လေ။ မသိတဲ့ လူဆိုရင် ဘဝင်မြင့်တယ်လို့ပဲ ထင်မယ်။ ဖြစ်ချင်းဖြစ်ရင် ကျွန်မ 'ဘုရင်မ' ပဲ ဖြစ်ရမယ်လို့ ကိုယ့်ကိုယ်ကိုယ် လမ်းပြမိခဲ့တယ်။ တိုင်းပြည်တပြည်ကို ပိုင်စိုးတဲ့ ဘုရင်မကို ပြောတာ မဟုတ်ဘူးနော်။ ကိုယ်ပိုင်တဲ့ ကိုယ့်ကမ္ဘာကလေး။ ဖြစ်နိုင်ရင် ကိုယ့်မိသားစုကလေးပေါ်မှာ စိုးမိုးလွှမ်းခြုံနိုင်တဲ့ 'မိန်းမမြတ် မိခင်'။ အဲဒီ ဘဝမျိုးကို ကျွန်မ တမ်းတမက်မောပါတယ်။ အနည်းဆုံး မိခင်တယောက် မဖြစ်နဲ့ဦး။ မိန်းမမြတ် တယောက်ကတော့ ဖြစ်ကို ဖြစ်ရမယ်။ ဒါဟာ ကျွန်မရဲ့ ပန်းတိုင်ပါ...။

ကျွန်မရဲ့ ပန်းတိုင်ဆီကို ရောက်အောင် ကျွန်မ ကြိုးစားပြီး လျှောက်နေရ တာပါ။ ကိုယ်ဖောက်တဲ့ လမ်း၊ ကိုယ်လျှောက်တဲ့ လမ်း၊ ကိုယ်မှန်းထားတဲ့ ပန်းတိုင် ဆိုခဲ့လို့ လွယ်လွယ်လေး လျှောက်နိုင်လိမ့်မယ်များ ထင်မိကြပါသလားရှင်...။ ကိုယ့် ခရီးအတွက် ကိုယ်ခက်နေတယ် ဆိုရင်ကော ကျွန်မကို အပြစ်တင်ချင်ကြပါသလား...။

ကျွန်မကို ညံ့တယ်ဆိုလည်း ဆိုကြပါတော့။ ကျွန်မရဲ့ စိတ်ခြေဦးတွေဟာ တခါတခါမှာတော့ ဦးတည်ရာက နေပြီး သွေဖည်ယိမ်းယိုင်သွားတတ်ပါတယ်။ အချိန်မီ သိအောင် ကြိုးစားရတာပေါ့။ ပြန်ပြီး ထိန်းမတ်ပြုပြင်၊ ဆက်လျှောက်။ ခုချိန်မှာတော့ ကျွန်မနဲ့ ကျွန်မရဲ့ ပန်းတိုင် ဝေးသွားပြီလား၊ နီးလာပြီလား ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနေပါပြီ။ ဘယ်အခါလောက်မှာ ကိုယ့်ပန်းတိုင်ဆီကို ရောက်လေမလဲ လို့တော့ အတပ် မပြောနိုင်သေးပေမဲ့ ကျွန်မရဲ့ ပန်းတိုင်ဟာ ပျောက်မသွားနိုင်တော့ဘူး ဆိုတာတော့ ကျွန်မ ရဲရဲကြီး ပြောဝံ့ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ပန်းတိုင်နဲ့ အနီး အဝေး၊ အကွာ အလှမ်းနဲ့ ပတ်သက်တဲ့ အကျိုးသက်ရောက်မှုကို ရင်ဆိုင်ရဲတဲ့ သတ္တိ ကျွန်မ မွေးနိုင်ခဲ့လို့ပါ။ ဒီကိစ္စဟာ ကျွန်မ အလုပ်လုပ်နေတဲ့ မီနီမတ်ကတ် 'မြတ်ပန်း တော်ဝင်' နဲ့ သက်ဆိုင်ဆုံးပါပဲ။

ကျွန်မတို့တွေက ကိုယ့်ဆိုင်ကို လူရှေ့သူရှေ့မှာ ပြောရင်သာ သူများနည်းတူ ထည်ထည်ဝါဝါ ကြားကောင်းအောင် 'မီနီမတ်ကတ်' ဘာညာနဲ့ ဟန်ကြီးပန်ကြီး လုပ် ပြီး ပြောလေ့ပြောထ ရှိကြပေမဲ့ တကယ့်တကယ် ခေါ်တော့ 'မြတ်ပန်းတော်ဝင်' လို့ပဲ ခေါ်ကြတာပါ။ 'မြတ်ပန်းတော်ဝင်' ဆိုရင် တမြို့လုံးက ဘယ်လိုဆိုင်မျိုးလဲ ဆိုတာ လူ တိုင်း သိပါတယ်။

'မြတ်ပန်းတော်ဝင်' လို့ နာမည်ပေးတဲ့သူကတော့ ကျွန်မတို့ အားလုံးရဲ့ မမကြီးပါပဲ။ ဘယ်ဗေဒင်မှ မမေးဘဲ ယတြာကိန်းခန်းသဘော လုံးဝ မသက်ရောက်ဘဲ



mgyoe.com

mgyoe.com SAMPLE BOOK

သူ့စိတ်တိုင်းကျ အဓိပ္ပာယ်ပြည့်ဝတဲ့ နာမည်ကို ရွေးပြီး ပေးခဲ့တာလို့ သိရပါတယ်။ ကျွန်မတို့ကို အစည်းအဝေးတခုမှာ မမကြီးက ရှင်းပြဖူးပါတယ်။

"စူပါမတ်ကက်ပဲ ဖြစ်ဖြစ်၊ မီနီမတ်ကက်ပဲ ဖြစ်ဖြစ်၊ ကုမ္ပဏီလီမိတတ်ပဲ ဖြစ်ဖြစ် ကြိုက်သလိုခေါ်...။ တို့တွေ လုပ်တဲ့ အလုပ်က လူအားလုံးအတွက် လိုအပ်တဲ့ ပစ္စည်းတွေကို စုံနိုင်သမျှ စုံအောင် ခင်းကျင်းပြီး ဝယ်ချင်စဖွယ် ဖြစ်အောင် ရောင်းချတဲ့ အလုပ်ပါပဲ...။ ဒီတော့ လွယ်လွယ်ကူကူနဲ့ ရှင်းရှင်းလေးပဲ စဉ်းစားကြည့်။ ဒီဆိုင်မှာ အရေးကြီးတဲ့အချက် နှစ်ချက်ပဲ ရှိတယ်။ ရောင်းတဲ့လူနဲ့ ကုန်ပစ္စည်း။ လူတွေအားလုံးက အလုပ်ကို မခိုမကပ် ကြိုးစားချင်တဲ့စိတ် ရှိနေရမယ်။ ဇွဲ ရှိရမယ်။ အသိဉာဏ် အမြော်အမြင်လည်း ကြွယ်ဝရမယ်။ ရိုးသားရမယ်။ ခံနိုင်ရည် ရှိနေရမယ်။ အဲဒီလိုပဲ ကိုယ့်ပစ္စည်းတွေဟာ အမြဲတမ်း အရည်အသွေး ကောင်းပြီး ဈေးနှုန်း မှန်နေရမယ်။ လူက ကောင်းပြီး ပစ္စည်း မကောင်းလို့ မရသလို ပစ္စည်းက ကောင်းပြီး လူက ညံ့နေလို့လည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒီတော့ ဆိုင်ထဲမှာ ရှိသမျှ အရာအားလုံးဟာ မြင့်မြတ်နေဖို့၊ ထိုက်တန် တော်ဝင်နေဖို့ ပန်းကလေးတွေနဲ့ နှိုင်းမယ်ဆိုရင် လှလည်း လှဖို့၊ မွှေးလည်း မွှေးဖို့ အဲဒီအဓိပ္ပာယ်၊ အဲဒီရည်ရွယ်ချက်တွေကြောင့် 'မြတ်ပန်းတော်ဝင်' လို့ မွေးဖွားခဲ့တာပဲ"

အဓိက အရည်အချင်းနဲ့ ပြည့်ဝမယ် ဆိုရင် အသက်အရွယ်နဲ့ ရုပ်ရည်ကို လျစ်လျူရှုပါတယ်။ ဒါကြောင့် ဆိုင်ဝန်ထမ်း အမျိုးသိမ်းများမှာ အသက်အရွယ် စုံစုံရှိပြီး၊ အသက် ဆယ့်ရှစ်နှစ်လောက်က အသက်လေးဆယ် ဝန်းကျင်အထိ ရှိကြပါတယ်။ အပျိုစင် ဝန်ထမ်းများချည်း မဟုတ်ဘဲ အိမ်ထောင်သည်များ၊ မိခင်များအနေနဲ့ ဆိုင်ရဲ့ အလုပ်ချိန် စည်းကမ်းကို လိုက်နာနိုင်မယ် ဆိုရင် ခန့်ထားပေးပါတယ်။ ရုပ်ရည် လှပဖို့ထက် သန့်ပြန့်စင်ကြယ်နေဖို့ ဝတ်တတ်စားတတ်ဖို့ လှုပ်ရှားသွားလာတတ်ဖို့ကို မမကြီးက ဦးစားပေးပါတယ်။ တင်းကျပ်တဲ့ စည်းကမ်းတခုကတော့ ဆိုင်ရဲ့ အလုပ်ချိန်မှာ ဘယ်လို စကတ်၊ ဂါဝန်မျိုးမှ မဝတ်ရခြင်းပါပဲ။ မြန်မာ့ဟန် ဆင်ယင်မှုအတွက် ပိုပြီး အကုန်အကျခံခဲ့တာ ဝန်ထမ်းအားလုံး နားလည်ကြပါတယ်။ အမရပူရမြန်မာထည် လုံချည်များဟာ အလွန်လှပပြီး နန်းဆန်တာပါ။ ဒါပေမဲ့ နေ့စဉ်အလုပ်ထဲမှာ ဝတ်ဖို့တော့ အဆင်မပြေလှပါဘူး။ အလျှော်အဖွပ် မခံပါဘူး။ ဒါပေမဲ့ မမကြီးက လုံချည် သုံးလေးဆင် တခါတည်း မှာပြီး ခြောက်လတခါ အသစ် ပြောင်းပေးပါတယ်။ အင်္ကျီကတော့ အဖြူ ဝတ်ရလေ့ရှိပြီး တခါတလေ လုံချည်နဲ့လိုက်တဲ့ အရောင်ကို ဝတ်ရပါတယ်။ အဲဒီလို ဝတ်စားပြင်ဆင်မှုက အစ မမကြီးက တရွေ့ကလေးမှ မတိမ်း


mgyoe.com